# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၄၄)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ၁၆-၁၁-၂၀၂၅၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(မမူပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

## နယ်မြေတည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။ စာမျက်နှာ ၃ သို့ ✰



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ စလ**

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၆ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

## ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီသေဆုံးမှု(Pre-mature Death)ကိုဖြစ်စေသည့် အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၁၁ ဒသမ ၁ ရာခိုင်နှုန်းသည် ဆီးချိုသွေးချိုရောဂါခံစားနေရကြောင်း၊ အများစုမှာ အမျိုးအစား(၂)ဆီးချိုရောဂါ ခံစားနေရပြီး ရောဂါရှိသူများ၏ ၄၃ ရာခိုင်နှုန်းသည် မိမိတို့တွင် ရောဂါရှိနေသည်ကို မသိကြကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဆီးချိုသွေးချို ရောဂါကြောင့် သေဆုံးသူ ၃ ဒသမ ၄ သန်းခန့်ရှိနေပြီး သေဆုံးမှုအများဆုံးမှာ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများတွင် ဖြစ်သည်ကို အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ်၏ အချက်အလက်များအရ သိရှိရပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၀၂၅)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားသေဆုံးမှုမြင့်မားလာသည့် ဆီးချိုသွေးချိုရောဂါကို ကာကွယ်ထိန်းချုပ်ရန် နှစ်စဉ် နိုဝင်ဘာ ၁၄ ရက်ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabe-tes Day)အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်နေ့များကို ကျင်းပလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ Know more and do more for Diabe-tes at work ဖြစ်ပြီး မြန်မာဘာသာအနေဖြင့် "လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့" ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ ဆီးချိုသွေးချိုရောဂါဝေဒနာရှင် ဝန်ထမ်းများ၊ အလုပ်သမားများအတွက် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို ဗဟိုပြုသည့် စောင့်ရှောက်မှုကို ခံယူနိုင်ရေး အလေးပေးဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဟန်ချက်ညီစွာထိန်းသိမ်း၍ လုပ်ငန်းခွင်စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်စေရန် ရည်ရွယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း။

ကျေးလက်ဒေသ အောက်ခြေအထိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး လိုအပ်သောအခြေခံဆေးများနှင့် ဆေးပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေတို့ကို STEPS နည်းလမ်းဖြင့် ဆန်းစစ်ခြင်းသုတေသန(၂၀၂၄)ကို ဆောင်ရွက်ခဲ့ရာတွင် စစ်တမ်း၏ ကနဦးတွေ့ရှိချက်များအနေဖြင့် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ၇ ဒသမ ၉ ရာခိုင်နှုန်းမှာ ဆီးချိုသွေးချိုရောဂါရှိနေကြသည်ကို တွေ့ရှိရပြီး ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များ၏ ထက်ဝက်ကျော်လောက်သည် လုံလောက်သော ဆေးကုသမှုရရှိနေကြသည်ဟု သိရှိရပါကြောင်း၊ မကူးစက်နိုင်သော ရောဂါများကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ကြိုးစားဆောင်ရွက်ကြလျှင် ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် နှီးနွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုသွေးချိုရောဂါ အပါအဝင် မကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သော ရောဂါများကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၂၃-၂၀၂၇)ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများ အားလုံးကို ၂၄-၁၁-၂၀၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကြေညာချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁လမ်းကြားလမ်းတို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ အုတ်စက်ရပ်ကွက်၊ ဓမ္မာရုံဝင်းအတွင်းနှင့်ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ ၇၂ လမ်းနှင့် မင်္ဂလာပန်းခြံထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွား ကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့်အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေး လမ်းအရှေ့ဘက်တို့တွင် လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်းနှင့် ၄၃လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၂ လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား: **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ဘားအံမြို့ရှိပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစောမြင့်ဦး ကရင်ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးတက်စေရေး သင်တန်းများပို့ချပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်းခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ပြည်ပခရီးသွားများဝင်ရောက်မှု၊ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးလျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဘားအံမြို့တွင် သံလွင်မြစ်၏ မြစ်ရေများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရက အစားအသောက်များနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့မှုနှင့် ဘားအံမြို့တွင် သံလွင်မြစ် ရေကြီးရေလျှံမှု မရှိစေရေးအတွက် လိုအပ်သည့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများအား ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊စပါးစိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးကူညီပေးစေလိုမှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသား ဘာသာစကားသင်ကြားလျက်ရှိသည့် တိုင်းရင်းသား ဆရာ ဆရာမများအား ထောက်ပံ့ကြေး တိုးမြှင့်ပေးစေလိုမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်အဆင့် တာဝန်ရှိသူများက သံလွင်မြစ် ရေကြီးရေလျှံမှု လျော့နည်းစေရေး လိုအပ်သည့် မြစ်ကြောင်း နေရာများအား သောင်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဘားအံမြို့အား ရေကြီးရေလျှံမှုလျော့ပါးစေရေး ရေထိန်းတမံများ တည်ဆောက်ရန်အတွက် လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်

- နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်
- နိုင်ငံရေးမောင်းနှင်အား ကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီး

ရှင်းလင်းတင်ပြကြသည်။

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်**

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပတ်သက်၍ ဘားအံမြို့၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် အခြားမြို့များ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအား တွက်ချက်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ဘားအံမြို့ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ အထက်ပိုင်းဒေသတွင် မိုးများစွာရွာသွန်းသည့်အချိန်နှင့် ဒီရေတက်သည့်အချိန်များတွင် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဘားအံဒေသအတွင်း ယခင်က စီမံဆောင်ရွက်ခဲ့သည့် ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ရေကြီးရေလျှံမှုများကို ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ သဘာဝအရ ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ အနေဖြင့် အဆိုပါရေအားလျှပ်စစ်စီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကရင်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက် လည်ပတ်လျက်ရှိသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့သာယာလှပရေးနှင့် ဒေသသာယာ လှပရေးအတွက် ဆောင်ရွက်ကြရန် လိုသကဲ့သို့ ဒေသရိုးရာ အစားအသောက်များကိုလည်း ပိုမိုသန့်ရှင်းပြီး ခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသအတွက် ဝင်ငွေများစွာရရှိစေသဖြင့် ဒေသအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ နယ်မြေ တည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများ အနေဖြင့် ပိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် မြေနေရာများအား ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဘားအံမြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကို တားဆီးကာကွယ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံထုတ်ပေးသွားမည့် အခြေအနေများ၊ စပါးစိုက်ပျိုးရေးအတွက် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ ငရုတ်ကောင်းစိုက်ပျိုးမှု တိုးတက်စေရေး အတွက်လည်း ဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများကို ဥပဒေနှင့်အညီ အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် အခြားလိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိမှု၊ ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်မ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း သစ်ပင်သစ်တောများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ် အေးချမ်းသာယာပြီး ငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ပြည်သူများလိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ကြောင်း**။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့် သူများကလည်း အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

အလားတူ ပညာရည်မြင့်မားရေး သည်လည်း မဖြစ်မနေလိုအပ် ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဖွဲ့စည်းပြီး ချိန်တွင် **"နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့"**ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ် ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ် ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ် ကြောင်း၊ အတတ်ပညာရှိရန် အတွက် အတန်းပညာများမြင့်မား ရန်လိုအပ်သဖြင့် ပညာရည် မြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ပညာရည်အားနည်းသူ များကို ကုန်ထုတ်စွမ်းအားမြှင့်တင် ရေးလုပ်ငန်းများတွင် အသုံးချ နိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုစဉ်။

**Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်**

မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင် တန်း စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ များစွာရှိကြောင်း၊ ၎င်းတို့အား နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစား ဆောင်ရွက်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ် များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင် ရေး စီစဉ်ဆောင်ရွက်နေကြောင်း။

တိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့် ပညာများ တတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကို တွေ့ရ ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ် တန်းပညာအဆင့်၊ အထက်တန်း ပညာအဆင့်နှင့် အဆင့်မြင့်ပညာ အဆင့်များအလိုက် ပြီးဆုံးမှုများ မှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှု ရှိသည်ကို တွေ့ရကြောင်း၊ ကရင် ပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများစွာရှိပြီး အမှန် တကယ် လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက် နိုင်ရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ် လူငယ်စင်တာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ကရင်ပြည်နယ် အတွင်း တစ်ကဏ္ဍအထွက်နှုန်း ပန်းတိုင် ရည်မှန်းချက် ပြည့်မီရေးအတွက် လိုအပ်လျက်ရှိနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီ အောင် စိုက်ပျိုးဆောင်ရွက်နိုင် မည်ဆိုပါက ဒေသဝမ်းစာဖူလုံမှု နှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး တိုးတက်စေရေး အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ထုတ်ကုန် များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက် ကောင်းမွန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ် ကြောင်း၊ ထို့ကြောင့် ပြည်နယ် အတွင်း ကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်သွား ကြရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားများ လိုအပ်ကြောင်း၊ **နိုင်ငံရေး မောင်းနှင်အား ကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်း မွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင် အား ကောင်းမွန်မှသာ ကာကွယ် ရေးစွမ်းပကားကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ စီးပွားရေးအား ကောင်းမွန်မှုသည် နိုင်ငံတစ်ခု အတွက် မဖြစ်မနေ အရေးကြီး** သည့် ကဏ္ဍမှပါဝင်သဖြင့် စီးပွား ရေးအားကောင်းအောင် ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း။

ကရင်ပြည်နယ် အတွင်း လယ်ယာမြေအများစု၌ ရေများ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရ ကြောင်း၊ ထိုသို့ ရေများဖုံးလွှမ်း လျက်ရှိခြင်းကြောင့် ဆောင်းသီးနှံ များ အချိန်မီစိုက်ပျိုးရန်အတွက် အခက်အခဲရှိသည်ကို တွေ့ရ ကြောင်း၊ ထို့ကြောင့် ရေဖုံးလွှမ်း မှုများ လျော့နည်းစေရေးအတွက် နည်းလမ်းများရှာဖွေ၍ ဆောင် ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ပုစွန် မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက် နိုင်သဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက် သွားမည်ဆိုပါက ဒေသအကျိုး အတွက် များစွာအထောက် အကူပြုစေမည် ဖြစ်ကြောင်း၊ အလားတူ ဒေသအတွက်လိုအပ် သည့် အသား၊ ငါးနှင့်ဥများ ထုတ် လုပ်မှုတိုးတက်စေရေး မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိုက်သင့်သည့် အသား၊ ငါး ဈေးနှုန်းများ ဖြစ်လာမည်ဖြစ် ကြောင်း။

ကရင်ပြည်နယ်အတွင်း ပညာ ရည်မြင့်မားစေရေး အတွက် တန်းစဉ်ကူးပြောင်းမှုများ မြင့်မား နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးအရ တန်းစဉ် ကူးပြောင်းမှုများ နည်းပါးနေသေး ကြောင်း၊ ပညာရေးကို အားပေးမှ သာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထက် တန်းပညာအဆင့် ပြီးဆုံးအောင် သင်ကြားနိုင်မှုမရှိသူများအတွက် လည်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးသွားရန် လို ကြောင်း၊ ရှိပြီးသား လူသားအရင်း အမြစ်များ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင် နိုင်စေရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက် ပေးသွားကြရန်လိုကြောင်း၊ ခရိုင် များအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် စက်မှုအထက်တန်း ကျောင်းများကို ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင် ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကို များစွာအထောက်အကူပြုစေ မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူ ရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက် နိုင်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာပြီး တောင်သူတစ်ဦး ချင်း၏ ဝင်ငွေများတိုးတက်လာ မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ပညာရည် ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးက ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

- **ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင်လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်**
- **ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်းနေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို**
- **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်**

☆ စာမျက်နှာ ၄ မှ

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေး ရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများ ထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိကြောင်း၊ **ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်ကြောင်း၊** တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်း ဆောင်ရွက်နေပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

မကြာမီ ကာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအားလုံခြုံရေးပိုင်းဆိုင်ရာအရအပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများလုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ် မဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲ အောင်မြင်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်မှတရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်း၍ နိုင်ငံတော်၏ အကျိုးကိုဆောင်ရွက်နိုင်သည့် စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည့် သူများကို ရွေးချယ်နိုင်ရန်လိုကြောင်း။

## စိုက်ပျိုးရေး

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီများသည် ပြည်ပဈေးကွက်ဝင် ထုတ်ကုန်များ ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနိမ့်ကော်ဖီများအား စိုက်ပျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သရက်၊ ရော်ဘာ၊ ဒူးရင်း၊ ကွမ်း စသည့် စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာထွက်ရှိသဖြင့် ဝါးကို အခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထိုသို့ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိကြောင်း၊ ရော်ဘာများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေး ပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများကို ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ငရုတ်ကောင်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝင်ငွေများ တိုးတက်လာခြင်းဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ ထိုသို့အလုပ်လုပ်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာရေးအားပေးကြရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)မှ ထွက်ရှိသည့် ထုတ်ကုန် ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## လူငယ်စင်တာ

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်စင်တာသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက စင်တာတည်ဆောက်မှုဆိုင်ရာများ၊ သင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာဟောပြောပွဲများ ပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စင်တာအား အကျိုးရှိရှိအသုံးချသွားရန်လိုပြီး ကရင်ပြည်နယ်အတွက်တိုက်ရိုက်အကျိုးဖြစ်စေနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာ သင်ကြားပေးခြင်းများဖြစ်ရန်လိုကြောင်း၊ လူငယ်များသည် နောင်အနာဂတ်တွင် လူကြီးများ၏ တာဝန်များကို လွှဲပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် သိသင့်သိထိုက်သည့်၊ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ အတတ်ပညာများ၊ နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်ပြီး အသိအမြင်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှု၊ လူငယ်စကားဝိုင်း ပြုလုပ်နေမှု၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ကြားဆောင်ရွက်နေမှု၊ ဂီတခန်းအတွင်း ဂီတပညာများ သင်ကြားပေးနေမှု၊ ပန်းချီသင်တန်း သင်ကြားပို့ချပေးနေမှု၊ ကွန်ပျူတာနည်းပညာများ သင်ကြားပြသပေးနေမှု၊ စာကြည့်တိုက်အတွင်း လူငယ်များစာပေဖတ်ရှုလေ့လာနေမှုများနှင့် အိပ်ခန်းများနှင့် စားသောက်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ဝင်းအတွင်းနှင့် ဘားအံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားရုံအား ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အခန်းများထည့်သွင်းဖွဲ့စည်း တည်ဆောက်ထားမှုအခြေအနေများ၊ ကျင်းပပြုလုပ်နိုင်သည့် အားကစားနည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အားကစားရုံအား တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ် စံချိန်စံညွှန်းများကိုက်ညီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဖွဲ့ကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖွဲ့ကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။



ဖွဲ့ကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

### နေဝင်ချိန်ရှုခင်းကြည့်ရှု

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ မော်လမြိုင်မြို့ ညနေ နေဝင်ချိန်ရှုခင်းအား ကြည့်ရှုသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ကမ်းနားလမ်း မြစ်ကမ်းဘက်ခြမ်း၌ အားကစားပြုလုပ်ရန်နှင့် အပန်းဖြေရန် နေရာများပြုလုပ်သွားရန်နှင့် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင် ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာ အစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ် ရောင်းချနေမှုများကို ကြည့်ရှုပြီး ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





# မြစ်ကြီးနားမြို့၌ ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲပြုလုပ်



မြစ်ကြီးနား နိုဝင်ဘာ ၁၅

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ်ဆန်စပါးနှင့် ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ရိုးရာကောက်သစ်စား (အင်လုံအင်နန်ရှား)ပွဲတော်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး မနောကွင်းအတွင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဝမ်ပေါင်ဘင်ခရာအဖွဲ့၊ ရိုးရာဧည့်ကြိုအကအဖွဲ့နှင့် ဘင်ခရာပန်းဖွားအဖွဲ့တို့က ကြိုဆိုကြသည်။

ထို့နောက် ရိုးရာကောက်သစ်စားပွဲတော်မုခ်ဦး၌ ကက်သလစ်အသင်းတော် ဖာသာ ဒေါက်တာယုံဝါက အမွှေးနံ့သာရည်ပက်ဖျန်း၍ ကောင်းချီးတောင်းခံဆုတောင်းပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘာသာရေးအသင်းအဖွဲ့များမှ သိက္ခာတော်ရ ဆရာတော်များ၊ တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရိုးရာကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲအခမ်းအနားကို ခန်းမ၌ ဆက်လက်ကျင်းပရာ ဝမ်ပေါင်ဘင်ခရာအဖွဲ့ ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကောက်ဦးပလိုင်းများကို သယ်ဆောင်နေရာချထားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ ယခုထက် ပိုမိုတိုးတက်မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များမှ ဖာသာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသားတိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာရွတ်ဆိုခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များထံ ပေးအပ်သည်။

ဆက်လက်၍ အစားအသောက်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စု စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့်အတူ တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ်(ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွ ရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် မြစ်ကြီးနားမြို့ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ရာ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသရှိ ဝေးလံခေါင်ဖျားသောဒေသများမှ တိုင်းရင်းသားကျောင်းသား ကျောင်းသူများကို စုစည်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းကျောင်းများမှ အခြေခံပညာတတ်မြောက်ပြီးပါက အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလို ကျောင်းသားအရွယ်ကတည်းက တိုင်းရင်းသားတိုင်းကို ချစ်ခင်လေးစားတတ်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ဧရာရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာ လိုင်းခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစက်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပြသထားသော ပြခန်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်တာဝန်ခံက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် အရာထမ်း/အမှုထမ်းဝန်ထမ်းများက မိတ်ဆက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုပျက်ပြားစေနိုင်သော အချက်များကို ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြစ်ကြီးနားမြို့၌ Polytechnic ကျောင်း ဖွင့်လှစ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး




နေပြည်တော် နိုဝင်ဘာ ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့က ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တို့သို့ ရောက်ရှိပြီး သက်ဆိုင်ရာကျောင်းရှိ သင်ကြားရေးဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့် တွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ပြည်နယ်အတွက် အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းကိစ္စများ အပါအဝင် ကျောင်းသား ကျောင်းသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)သို့ရောက်ရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် Polytechnic University(မြစ်ကြီးနား)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အစိုးရက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အရည်အချင်းပြည့်ဝသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရေးအတွက် စနစ်တကျ သင်ကြားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားကာ ဆရာ ဆရာမများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ Polytechnic ကျောင်းဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ မလိခခန်းမတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မြစ်ကြီးနားမြို့ရှိ တက္ကသိုလ်၊ ကျောင်းများမှတာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်၊ကျောင်းများမှကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကာ မြစ်ကြီးနားမြို့အတွက် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် လုပ်ငန်းခွင်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများ တက်ရောက်နိုင်သည့် Level 4 သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Shangri-La Hotel ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ အဓိကဧည့်သည်တော်အဖြစ် တက်ရောက်၍ ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည့် မူဝါဒဆိုင်ရာဆွေးနွေးပွဲ၏ ပထမပိုင်း အစီအစဉ်တွင် Keynote Speaker အဖြစ် Korea-ASEAN Strategic Alliance Toward ASEAN Vision 2025 ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေးသည် အလွန်အရေးပါပြီး ဆယ်စုနှစ်များစွာတိုင်အောင် ချစ်ကြည်ရင်းနှီးစွာ




ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်း၊ ရေတိုစီမံကိန်းများမှတစ်ဆင့် ရေရှည်မျှော်မှန်းချက်များချမှတ်နိုင်သည့် ဆက်ဆံရေးကို ပြောင်းလဲဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော နယ်ပယ်လေးခုဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူကုန်ကူးမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ ဆိုက်ဘာရာဇဝတ်မှုနှင့် တရားမဝင်ကုန်သွယ်မှုကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများ တိုက်ဖျက်ရေးတို့ကို အထူးအာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍများဖြစ်သည့် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေး အကြံပြုပြောကြားသည်။

၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာအစိုးရမူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ သံအမတ်ကြီးများအပြင် ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ မူဝါဒချမှတ်သူများ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များအပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေး ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ဖိတ်ကြားချက်အရ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ချုံချင့်မြို့သို့ရောက်ရှိရာ ချုံချင့်မြူနီစပယ် ဒုတိယမြို့တော်ဝန်က ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ချုံချင့်ပါတီအတွင်းရေးမှူး၏ ကြိုဆိုမိတ်ဆက် အခမ်းအနားကို HUALUXE Chongqing Science Hall Hotel ၌ ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဝန်ကြီး ဦးဆောင်သော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၅ ခုနှစ် ကုန်း-ရေစင်္ကြံ အသစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်နှင့် ထောက်ပံ့ဆက်သွယ်ရေးပြပွဲ (2025 Land-Sea New Corridor Economic Development Forum and Logistic Expo) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြခန်းများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ဝန်ကြီး Ms. Sun Meijun နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ် (၃.၀)၏ အဆင့်မြှင့်တင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အစားအစာဘေးအန္တရာယ်




ကင်းရှင်းရေး၊ အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးနှင့် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူ ချောမွေ့ရေးတို့တွင် အရေးပါသော အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရေးပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် အပင်နှင့် တိရစ္ဆာန်ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၂၇အတွက် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း၊ အာဆီယံ တစ်ခုတည်းသော ပြတင်းပေါက်စနစ် (ASEAN Single Window-ASW)မှတစ်ဆင့်အီလက်ထရောနစ် SPS (e-SPS) လက်မှတ်များ ဖလှယ်ခြင်းကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာများ တီထွင်ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးတွင် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုကို သိသိသာသာ တိုးတက်စေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့နယ် ကျန်ကျင်းမြို့ရှိ ဟွာကျောင်း (မက်ခါ) သီးနှံစိုက်ခင်းနှင့် ဆန်းကစ်သီး စိုက်ခင်းများကို လေ့လာကြည့်ရှုခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ပူးတွဲသဘာပတိအဖြစ် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

**သဘောတူညီမှုရရှိ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ဒုတိယဝန်ကြီး Mr. Zhao Zeng Lian ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့သည့် ကုမ္ပဏီ ၂၅ ခုနှင့် ငှက်ပျောတင်ပို့သည့် ကုမ္ပဏီခုနစ်ခုတို့ကို ပိုးသတ်ဆေး ဓာတ်ကြွင်းပမာဏကြောင့် တင်ပို့ခွင့်ယာယီရပ်ဆိုင်းထားသည့်အတွက် ဖြေလျှော့ပေးရန် ဆွေးနွေးမှုအပေါ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။

ထို့ပြင် လက်မှတ်ရေးထိုးရန် ပေးပို့ထားသည့် Protocol များနှင့် စပ်လျဉ်း၍ GACC ၏ သက်ဆိုင်ရာ သီးနှံ၊ အသား၊ ငါးကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်လက် ဆောင်ရွက်ပေးရန် ဆွေးနွေး ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ငှက်သိုက်တင်ပို့မှု လုပ်ငန်းစဉ်အတွက် လိုအပ်သော အထူးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း GACC ဘက်မှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မျိုးကောင်းမျိုးသန့် တိုးမြှင့်သုံးစွဲခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၁၅**

စိုက်ပျိုးတောင်သူများ မျိုးကောင်းမျိုးသန့် တိုးမြှင့်သုံးစွဲခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး သင်တန်းကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

သင်တန်းဖွင့်လှစ်ရခြင်းမှာ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းများရရှိစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးလာစေရန်၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ သိရှိနားလည်စေရန်ရည်ရွယ်ခြင်း ဖြစ်သည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်၊ ဒုတိယ-တိုင်းဒေသကြီး ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ In Person နှင့် Virtual ဖြင့် ၁၁ ခရိုင်နှင့် ၂၄ မြို့နယ်မှ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနှင့် အဓိကသီးနှံများ၊ ပန်းတိုင်အထွက်နှုန်းရရှိမည့် မျိုးများ၏ အရည်အချင်းနှင့် လက္ခဏာများ၊ အထက်မြန်မာပြည် မျိုးစေ့တာဝန်ခံ ဒေါ်မီမီချိုက မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းနှင့် မျိုးစေ့ထောက်ခံချက်ပေးခြင်း၊ တိုင်းဒေသကြီးမျိုးစေ့ ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်အေးသန်းက ချည်မျှင်ရှည်ဝါ မျိုးကွဲများ၏ အရည်အချင်းလက္ခဏာများနှင့် ဝါသီးနှံအတွက်နှုန်းမြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများ ပြန်လည်ဆွေးနွေးဖြေကြားပြီး မျိုးစေ့ပညာပေးသင်တန်းမှတ်စုစာအုပ်များ၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၄၂ ရက်

သာ လိုတော့သည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှု ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၁၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေမှုတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲ လှုံ့ဆော်တေး ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲ လှုံ့ဆော်တေးသီချင်းရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် "အနာဂတ်မျှော်ရည် မဲပေးမည်" သီချင်းခေါင်းစဉ်ဖြင့် နာမည်ရတေးသံရှင်များ ဖြစ်ကြသည့် ရဲထိုက်၊ ကိုလတ်၊ ကြည်ဖြူခင်၊ ရွှေဖြူ၊ မို့မို့ကျော်လွင်၊ ခင်လပြည့်ဝန်းနှင့် ပုလဲသန့်သွယ်တို့ စုပေါင်း၍ သီဆိုမှု၊ ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါလှုံ့ဆော်တေးသီချင်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် အကော်ဒီယံ အောင်မင်းနိုင်တို့က ရေးသားပြီး ဂီတမှူးအကယ်ဒမီ ဝင်းကိုနှင့်အဖွဲ့က တီးခတ်အသံသွင်းကာ ယနေ့တွင် ရိုက်ကူးရေးဆောင်ရွက်ခြင်း ဖြစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ( ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲလှုံ့ဆော်တေးသီချင်း ဖျော်ဖြေကြမည့် တေးသံရှင်များနှင့် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာ အသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် သူများအား မှန်ကန်စွာ ရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အစဉ်အမြဲရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကာ လက်ဖက်ရည်ပိုင်းဖြင့် တည်ခင်းဧည့်ခံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးစဉ်။

မွန်းလွဲပိုင်း ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း(MPPA) နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများသည် မီဒီယာလောကအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သည်ဟု ခံယူထားပါကြောင်း၊ စာရေးသူများ ခံစားတင်ပြလိုသည့် အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေသူများက စာဖတ်သူ ပြည်သူများထံသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ ယနေ့အချိန်တွင် စာပေထုတ်ဝေမှု လုပ်ငန်းများကို ကြိုတင်စိစစ်မှုမရှိတော့ဘဲ မိမိတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ပြုထားပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စာပေလောက ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထုတ်ဝေခြင်းလုပ်ငန်းရှင် ၅၃၅ဦး၊ ပုံနှိပ်လုပ်ငန်းရှင် ငါးဦး၊ သတင်းအေဂျင်စီလုပ်ငန်းရှင် ၃၇ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ခွင့်ပြုပေးထားပါကြောင်း၊ ယနေ့အချိန်သည် နိုင်ငံတော်အတွက် အရေးပါသည့် အချိန်ကာလတစ်ခု ဖြစ်သည့်အတွက် ပြည်သူများ အသိပညာမြင့်မားစေမည့်၊ ရွှင်ပြုံးအပန်းပြေစေမည့် စာကောင်းပေမွန်များကို ထုတ်ဝေပေးကြပါရန်နှင့် ပြည်သူများ အတွေးအမြင်လွဲမှားစေမည့် စာပေအဆိပ်သင့်မှုများ မရှိစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် ပုံနှိပ်လုပ်ငန်းများ၊ ထုတ်ဝေရေးလုပ်ငန်းများကို ဥပဒေစည်းကမ်းများအတိုင်း လိုက်နာနိုင်ရေး ကြပ်မတ် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA) ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တက်ရောက်လာကြသူများက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ခေတ်သစ်ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုး ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများရဲ့ နိုင်ငံရေးမျိုးဆက်ပါတီ ဖြစ်ပါတယ်။ လူတွေမှာ မျိုးဆက်မကောင်းနိုင်သလို နိုင်ငံရေးမှာလည်း မျိုးဆက်မကောင်းနိုင်လို့ ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီကို အဘိဓမ္မာရေး၊ သဘောတရားရေး မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များနဲ့ ခိုင်မာစွာတည်ဆောက်ပြီး ပါတီဝင်ကျင့်ဝတ် (၁၀) ပါးကို ခံယူကျင့်သုံးပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ ထိုက်တန်သူတွေအတွက် တံခါးဖွင့်ထားတဲ့ ပြည်သူ့တပ်ဦးပါတီသာ ဖြစ်ပါတယ်။ ပါတီရဲ့တံဆိပ်ဖြစ်တဲ့ ကမ္ဘာလုံးပေါ်က သေးလတ်ကြီး အနီရောင်ကြယ်သုံးပွင့်မှာ ကမ္ဘာလောကကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ခေတ်သစ်သိပ္ပံ ဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းရေး ဖြစ်ပါတယ်။ ကြယ်သုံးပွင့်အနီရောင်မှာ ရဲရင့်မှု၊ သွေးစည်းညီညွတ်မှု ဖြစ်ပါတယ်။ ပါတီအောင်လံရဲ့ အောက်ခံ အစိမ်းနုရောင်မှာ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါတယ်။

သဘောတရားဟာ လူထုကို ချုပ်ကိုင်မိသည်နဲ့တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစုဖြစ်လာတယ်။ Theory becomes a material force when it grips the masses လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူပါတယ်။ ပါတီဗဟိုအလုပ်အမှုဆောင် ဥက္ကဋ္ဌကြီးကတော့ ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၅)ဦး၊ အရန်ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်(၂)ဦး၊ ဗဟိုကော်မတီဝင်(၁၁)ဦးတို့က ပါတီကို ဦးဆောင်နေပါတယ်။ ဒီကနေ့ ပါတီကို ဧရာဝတီတိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရပ်တည်ထားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဆက်လက်ဖွဲ့စည်း ရပ်တည်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**လမ်းညွှန်သဘောတရား**

"အမြင်မှာ မကြည်လင် အလုပ်မှာ မပြတ်သားဘူး သဘောတရားဟာ ကြည်လင်ပြတ်သားတဲ့ အလားအလာကိုပေးတယ်၊ အမှားအမှန်ဆုံးဖြတ်နိုင်စွမ်းကို ပေးတယ်၊ အလုပ်မှာ စိတ်ချမှုကို ပေးတယ်။ နောက်ဆုံး မိမိတို့ခံယူချက် အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ပေးတယ်" ဆိုတဲ့အတိုင်း ပါတီရဲ့လမ်းညွှန်သဘောတရားကို တင်ပြသွားပါမယ်။ ခေတ်သစ်ပြည်သူ့ပါတီက ခံယူကျင့်သုံးတဲ့ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား (၄)ပါး၊ လောကပါလတရား(၄) ပါးနဲ့ ပါတီရဲ့ပညာ နိုင်ငံရေးအလုပ် လမ်းညွှန်တရား(၄)ပါးရှိပါတယ်။ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား(၄)ပါးနှင့် လောကပါလတရား (၄) ပါးမှာ -

(၁) လူထုတွေ မပါရင်ဘာမှမလုပ်နိုင်၊ (၂)လူထုရွေးကောက်ပွဲတွေမပါရင် ဘာမှမလုပ်နိုင်၊ (၃)လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို လူထုကို ကင်းကင်းလွတ်လွတ်ရွေးချယ်ခွင့်ပြုရမယ်၊ (၄)အဲဒီလို ရွေးချယ်ခွင့်မပြုရင် လူထုတွေ သူ့လမ်းသူ ရွေးချယ်သွားလိမ့်မယ်။

**ခေတ်သစ်ပြည်သူ့ပါတီရဲ့ ပညာနိုင်ငံရေး အလုပ်လမ်းညွှန်တရား (၄)ပါး**

၁။ အကန်းယုံ အရမ်းယုံ မယုံကြဘဲ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။

၂။ ဆင်ခြင်တုံတရားမဲ့ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

၃။ စနစ်တကျ လေ့လာသုံးသပ်မှုကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

၄။ ဆင်ခြင်တုံတရားမဲ့ အစွဲလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ် ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်။ လူတွေဟာ သင်အံတတ်မြောက်ပြီးသား အဆင်သင့်မွေးဖွားလာခြင်း မဟုတ်ပါ။ လုပ်ရင်းသင် သင်ရင်းတတ်တဲ့ သတ္တဝါသာဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းကြီးဟာ အရေအတွက်အရရော အရည်အချင်းအရပါ ပြောင်းလဲတိုးတက်နေတာ ဖြစ်ပါတယ်။ ဘယ်လိုပင် ကပ်ဘေးအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသော်လည်း ရှေးကျောက်ခေတ်လူသားမှ ဒီကနေ့ အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ် နည်းပညာခေတ်လူသားအထိ ဖြစ်လာပါတယ်။ အဲဒီလိုပြောင်းလဲတိုးတက်ရာမှာ ရှေးဘုံဝါဒစနစ် (ကျောက်ခေတ်)၊ ကျေးပိုင်ကျွန်ပိုင်စနစ် (သံစပေါ်သောခေတ်)၊ ပဒေသရာဇ် ဧကရာဇ်စနစ်(လက်မှုအတတ်ပညာ ထွန်းကားလာသောခေတ်)၊ ဒီကနေ့ အရင်းရှင်စနစ် (အဆင့်အတန်း အမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာခေတ်)ဖြစ်ပြီး ဆက်လက်ပြီးလည်း ခေတ်သစ်သိပ္ပံ ဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းသွားမယ် ဖြစ်ပါတယ်။ ဒီကနေ့ဟာ ဈေးကွက်စီးပွားရေးနှင့် အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။

**မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များ**

**စီးပွားရေး။** ။ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ညွှန်လက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတို့ရဲ့ စီးပွားရေးကုန်လုပ်မှုကို အာမခံချက်ပေးနိုင်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။ ပြည်တွင်း၊ ပြည်ပမှာ လွတ်လပ်စွာ ပြိုင်ဆိုင်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုမယ်။ တိုင်းရင်းသားပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ သန်းကြွယ်သူဌေးကြီးများ ပေါ်ထွန်းလာရေးကို ဆောင်ရွက်မယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူတွေ အသိဉာဏ်ရည်မြင့်မားရန်လိုပါတယ်။ အသိဉာဏ်ရည်မြင့်မားရေးအတွက် လူနေမှုအဆင့်အတန်းမြင့်မားရေးလိုပါတယ်။ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။

**နိုင်ငံရေး။** ။ ပြည်သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်။ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး၊ တူညီသောအခွင့်အရေးရှိရေး၊ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်ရေးဆိုတဲ့ ဒီမိုကရေစီ ဦးတည်ချက်(၃)ရပ်ကိုအကောင်အထည်ဖော်သွားမယ်။ သတင်းမီဒီယာနဲ့ လူမှုမီဒီယာများ လွတ်လပ်စွာဖော်ပြခွင့်ပြုမယ်။

**ဘာသာရေး။** ။ မိမိတို့ ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ သာသနာရေး၊ ဘာသာရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုမယ်။ သို့သော် ဘာသာရေးကို နိုင်ငံရေးတွင် အသုံးချခွင့်မပြုပါ။

**တိုင်းရင်းသားလူမျိုးများအရေး။** ။ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒ ကင်းရှင်းစွာ တိုင်းရင်းသားလူမျိုးများ တန်းတူညီတူအခွင့်အရေးရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ထူထောင်မယ်။

**ပြည်တွင်းငြိမ်းချမ်းရေး။** ။ လက်နက်ကိုင်ပဋိပက္ခဟာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့အရာမဟုတ်။ ဒါကြောင့် အမျိုးသားသင့်မြတ်စည်းလုံးရေး ခါးသီး နာကြည်း နောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကိုယူပြီးတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ထာဝရပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

**ကျား/မတန်းတူရေး။** ။ အမျိုးသား/အမျိုးသမီး ကျား/မ တန်းတူရေး မရှိရင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အလှမ်းဝေးသွားနိုင်ပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အမျိုးသမီးများ ဝန်ဒဏ်သုံးရပ်က လွတ်မြောက်ရေး(CEDAW) စာချုပ်ပါ သဘောတူညီချက်အတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကျား/မ တန်းတူရေးကိုလည်းဆောင်ရွက်မယ်။

**တောင်သူလယ်သမားများအရေး။** ။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံတွင် တောင်သူလယ်သမား လူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါတယ်။ တောင်သူလယ်သမားများ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သိုလှောင်ရောင်းချခွင့်ပြုမယ်။ ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုမယ်။ တောင်သူလယ်သမားများအကျိုးကို တောင်သူလယ်သမားများ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမား အစည်းအရုံးများ ဖွဲ့စည်း ဆောင်ရွက်ခွင့်ပြုမယ်။ အဆင့်မြင့် စက်မှုလယ်ယာ ထူထောင်ရေးကို ကြိုးပမ်းသွားမယ်။



**အလုပ်သမား လူတန်းစားများအရေး။** ။ လုပ်ငန်းရှင်နဲ့ အလုပ်သမား လူတန်းစားတို့ရဲ့ ပေါင်းစည်းစွမ်းအားဟာ လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးရဲ့ မောင်းနှင်အားဖြစ်ပါတယ်။ လုပ်ငန်းရှင်မရှိရင် အလုပ်သမားမရှိနိုင်သလို အလုပ်သမားမရှိရင်လည်း လုပ်ငန်းရှင်မရှိနိုင်ပါ။ ဒါကြောင့် လုပ်ငန်းရှင်နဲ့ အလုပ်သမားပဋိပက္ခဟာ ပေါင်းစပ်ဖြေရှင်းလို့မရတဲ့ ပဋိပက္ခမဟုတ်ပါ။ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ အလုပ်သမားများနဲ့ ဆင်းရဲသားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်လာမယ်ဖြစ်တယ်။ အလုပ်သမားများအကျိုးကို အလုပ်သမားများ ဖန်တီးနိုင်ရေးအတွက် အလုပ်သမား အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမယ်။

**ကျန်းမာရေး။** ။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းသွားနိုင်ရေးအတွက် အဆင့်မြင့်ဆေးရုံ၊ ဆေးပေးခန်းများ ဒေသအလိုက် ဖွင့်လှစ်သွားမယ်။ အဆင့်မြင့် ဆေးပညာရှင်များ၊ ပေါ်ထွန်းလာရန် ကြိုးပမ်းမယ်။ ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။ တိုင်းရင်းဆေးများ အစွမ်းထက်ရေး၊ တိုင်းရင်းဆေးများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရေးကို အားပေးမယ်။ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ပိုင်ခွင့်ပြုမယ်။

**ပညာရေး။** ။ ယနေ့ပညာခေတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်သော ပညာရေးစနစ်ကိုကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနလုပ်ငန်းများလုပ်ကိုင်ပြီး ပညာတော်သင်များ ပြည်ပသို့ စေလွှတ်သင်ယူမယ်။ လူငယ်များ အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင်မြင်နိုင်ရေး ဆောင်ရွက်သွားမယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ကိုင်ခွင့်ပြုမယ်။

**ကာကွယ်ရေး။** ။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်မြင့်မားသော မျိုးချစ်တပ်မတော်၊ အမျိုးသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ရမယ်။

**နိုင်ငံခြားရေး။** ။ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကို ကျင့်သုံးမယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅)ချက်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို ကျယ်ပြန့်စွာလုပ်ဆောင်သွားမယ်။ နိုင်ငံတကာ ဗိုလ်ကျစိုးမိုးရေးဝါဒ၊ ကိုလိုနီလက်သစ်ဝါဒများကို ကာကွယ်တိုက်ဖျက်သွားမယ်။ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံနိုင်ငံများနဲ့ ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုကြိုးပမ်းသွားမယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင်တော့ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်အောင်မြင်လာတာနဲ့အမျှ ပြည်သူလူထုအကျိုးဖြစ်ထွန်းလာတာနဲ့အမျှ ပြည်သူတွေက ပစ်ပယ်မထားဘဲ မေ့လျော့မနေဘဲ ခေါင်းဆောင်ကောင်းများအဖြစ် ပို့ဆောင်ကြမဲ့ဖြစ်တယ်။ ပြည်သူတို့က မိမိတို့အားကိုးရာ ပုဂ္ဂိုလ်ကောင်းများအဖြစ် ရွေးချယ်လာကြမယ်ဖြစ်တယ်ဆိုတာခံယူပြီး ခေတ်သစ်ပြည်သူ့ပါတီက နိုင်ငံနဲ့ ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်သွားမယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**"ခေတ်သစ်ပြည်သူ့ပါတီ၏ သီချင်းစာသား"**

[ခေတ်စနစ်နဲ့အညီ တိုးတက်ခဲ့လေပြီ x x x x
ရွှေမြန်မာပြည် ပါတီစုံ ဒီမိုကရေစီ
ဈေးကွက်စီးပွား တံခါးဖွင့်လေပြီ x x အမျိုးသား အကျိုးစီးပွားဖြင့်မြင့်မားရစေမည်x
တိုးတက်အောင် ... ဖော်ဆောင်မည် x x ခေတ်သစ်မူဝါဒ တူညီမျှတစွာ x x
လမ်းပြတော့မည် x x
ခေတ်တစ်ခေတ်အတွက် စံနမူနာ အမှန်တူညီ x x ခေတ်အဆက်ဆက်မြန်ဇမ္ဗူအသံတူညီ x x
(ခေတ်သစ်ပြည်သူ့ပါတီ)၂၊ ဒို့ ခေတ်သစ်ပြည်သူ့ပါတီ x x x ]၂

# လေဘာပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**လေဘာပါတီဥက္ကဋ္ဌ ဦးမြင့်သန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




"လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုတစ်ရပ်လုံး ခင်ဗျား"

ဒီကနေ့ ဤရုပ်မြင်သံကြားမှတစ်ဆင့် မေတ္တာဖြင့် နှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ လေဘာပါတီရဲ့ဥက္ကဋ္ဌ ဦးမြင့်သန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပါတီဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား၊ အခြေခံလူတန်းစားများရဲ့ စစ်မှန်သော ကိုယ်စားပြုအဖွဲ့ အစည်းအဖြစ် ရပ်တည်နိုင်ဖို့အတွက် အားထုတ်ကြိုးပမ်းနေတာ နှစ်ကာလကြာမြင့်ခဲ့ပါပြီ။ ဒီကနေ့ ဒီနေရာမှ ရပ်တည်ပြီး ပြောကြားခွင့်ရခြင်းဟာ ကျွန်တော်တို့ လေဘာပါတီအတွက် သမိုင်းဝင်အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

**လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနဲ့ပတ်သက်ပြီး ပြောပြရမယ်ဆိုရင် –**

"ချစ်ခင်လေးစားရတဲ့ ပြည်သူများ ခင်ဗျား"

ဒီကနေ့ ကျွန်တော်တို့ နိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စိန်ခေါ်မှုပေါင်းစုံနဲ့ လက်ရှိရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အလုပ်သမားများနဲ့ လယ်သမားများရဲ့ ဘဝဟာ ကြမ်းတမ်းခက်ခဲနေဆဲ ဖြစ်ပါတယ်။

လုပ်ခလစာက စားဝတ်နေရေးအတွက် မလုံလောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှု၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုတွေနဲ့ စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး သင့်မြတ်တဲ့ကုန်ဈေးနှုန်းနဲ့ သင့်တော်တဲ့ လုပ်ခဝင်ငွေမရရှိမှုတွေဟာ နိုင်ငံရဲ့ ကျောရိုးဖြစ်တဲ့ အလုပ်သမားနဲ့ တောင်သူလယ်သမားထု ရင်ဆိုင်နေရတဲ့ အဓိကပြဿနာပါ။ ဒီအခြေခံလူတန်းစားတွေရဲ့ ဘဝလုံခြုံမှုမရှိသရွေ့၊ ကျွန်တော်တို့ရဲ့ နိုင်ငံဟာလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာ မဟုတ်ပါဘူး။

**လေဘာပါတီ၏ ရည်မှန်းချက်**

ဒါကြောင့် ကျွန်တော်တို့ လေဘာပါတီဟာ အဓိကရည်မှန်းချက် (၃) ရပ်ကို ချမှတ်ထားပါတယ်။

(၁) မျှတသော လုပ်ခလစာ၊ အလုပ်သမားအခွင့်အရေးနှင့် လုံခြုံမှု ရရှိရေး

(၂) လယ်ယာမြေနှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်တင်နိုင်ရေး

(၃) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစနစ် တည်ဆောက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေဟာ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတန်းတူညီမှုကို အခြေခံတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ရဲ့ မဟာဗျူဟာပဲ ဖြစ်ပါတယ်။

**ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင် –**

ပြည်သူလူထုကြီးခင်ဗျား – ကတိစကားသက်သက်မဟုတ်ဘဲ ကျွန်တော်တို့ပါတီဟာ လက်တွေ့ကျတဲ့ မူဝါဒတွေနဲ့ ပြည်သူများရဲ့ဘဝကို တိုးတက်စေရမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားကတော့ ပါတီစုံပါဝင်တဲ့ နိုင်ငံသားများဦးဆောင်သည့် နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံးနိုင်ရေး ဖြစ်ပါတယ်။

**ပါတီရဲ့ လုပ်ငန်းစဉ်များအဖြစ်**

* ပြည်သူ/ပြည်သားအားလုံးနှင့် အလုပ်သမားများဥပဒေအရ ခံစားခွင့်နှင့် ရပိုင်ခွင့်များ ညီတူညီမျှခံစားနိုင်ရေး။

* သက်ကြီးရွယ်အိုများနှင့် အလုပ်အကိုင်မရှိသူများအား နိုင်ငံတော်ရန်ပုံငွေမှ အထောက်အပံ့ပြုနိုင်ရေး။

* ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပြည်ထောင်စုဖွား နိုင်ငံသားများ၏ ဦးဆောင်နိုင်ခွင့်နှင့် ဦးစားပေးရထိုက်ခွင့် ခံစားရရှိနိုင်ရေးနှင့် ပြည်ထောင်စုဖွား နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးမူဝါဒလမ်းစဉ်များကို သင့်တော်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်နိုင်ရေးတို့ ဖြစ်ပါတယ်။

**အထူးသဖြင့် အလုပ်သမားအခန်းကဏ္ဍအတွက်**

* အနည်းဆုံး လုပ်ခလစာတိုးမြှင့်ခြင်း၊ လက်ရှိ ကုန်ဈေးနှုန်းအပေါ် မူတည်၍ နေထိုင်စားသောက်နိုင်လောက်သော မျှတသည့် အနည်းဆုံးလုပ်ခလစာ(Minimum Salary) သတ်မှတ်နိုင်ရန် ဥပဒေကြမ်းကို တင်သွင်းပါမယ်။

* အလုပ်သမားသမဂ္ဂများ အားကောင်းစေခြင်း၊ အလုပ်ရှင်/အလုပ်သမားများအကြား အငြင်းပွားမှုများတွင် အလုပ်သမားများဘက်မှ ရဲရဲဝံ့ဝံ့ရပ်တည် ကာကွယ်ပေးမယ့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများကို ဥပဒေအရ အကာအကွယ်ပေးပြီး အားကောင်းလာအောင် ဆောင်ရွက်ပေးပါမယ်။

* လူမှုဖူလုံရေးကဏ္ဍမြှင့်တင်ခြင်းနှင့် အလုပ်သမားများအတွက် ပင်စင်လစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို အာမခံနိုင်မယ့် ခိုင်မာသော လူမှုဖူလုံရေးစနစ်ကို ချဲ့ထွင်ဖော်ဆောင်ပါ့မယ်။

* နိုင်ငံတော်ရဲ့ လူဦးရေ ၇၀ % ဟာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်သူများ ဖြစ်ပါတယ်။

**ဒါကြောင့် လယ်သမားအခန်းကဏ္ဍအတွက် –**

* မြေယာလုပ်ပိုင်မှု ခိုင်မာစေခြင်း၊ မြေယာလုပ်ပိုင်မှု အငြင်းပွားမှုတွေကို ဥပဒေအရ မြန်ဆန်စွာဖြေရှင်းပေးပြီး လယ်သမားများ လက်ဝယ်ရှိ မြေယာများအတွက် ခိုင်မာသောလုပ်ပိုင်ခွင့်ကို ရရှိနိုင်ရေး အာမခံပါ့မယ်။

* စိုက်ပျိုးစရိတ်လျှော့ချရေး ၊ ဈေးကွက်ရှာဖွေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရန် ထောက်ပံ့ပေးပြီး လယ်ယာထွက်ကုန်များကို သင့်တင့်သော ဈေးနှုန်းရရှိစေရန်အတွက် ပြည်ပဈေးကွက်နဲ့ ချိတ်ဆက်ပေးပါ့မယ်။

* လယ်သမားကြွေးမြီပြဿနာ ဖြေရှင်းရေးနှင့် ဒုက္ခရောက်နေသော လယ်သမားများ၏ ကြွေးမြီများကို ဖြေလျှော့ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသော ရေရှည်ချေးငွေစနစ်ကို စတင်ဖော်ဆောင်ပါ့မယ်။

**ချစ်သော အလုပ်သမား၊ လယ်သမား၊ ပြည်သူများတို့ ခင်ဗျား–**

ကျွန်တော်တို့ လေဘာပါတီရဲ့ အနာဂတ်မျှော်မှန်းချက်ဟာ "ခေတ်နောက်ကျ ကျန်ရစ်သူ၊ အမြဲတမ်းမျက်ကွယ်ပြုခံနေရသူ၊ စစ်မှန်သော တိုးတက်မှုအသီးအပွင့်ကို မခံစားရသေးသူများ" အတွက် မွေးဖွားလာတဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ မမုန်းတီးပါဘူး။ "လူမှုတရားမျှတမှုမရှိခြင်းနဲ့ ဆင်းရဲနွမ်းပါးမှု"ကိုသာ မုန်းတီးပါတယ်။

ကျွန်တော်တို့ လေဘာပါတီဟာ စီးပွားရေးစနစ်တစ်ခုလုံးကို အလုပ်သမားနဲ့ လယ်သမားများရဲ့ အကျိုးစီးပွားအတွက် ဦးတည်တဲ့ မူဝါဒတွေနဲ့ ပြောင်းလဲပစ်မှာပါ။ အလုပ်ကို လေးစားတဲ့ နိုင်ငံ၊ ချွေးနဲ့စာကို တန်ဖိုးထားတဲ့နိုင်ငံကို တည်ဆောက်သွားပါမယ်။ ဒီလို အပြောင်းအလဲအတွက် ကျွန်တော် တစ်ဦးတည်း၊ တစ်ပါတီတည်းနဲ့ မရပါဘူး။ ပြည်သူအားလုံးရဲ့ အား၊ ပြည်သူအားလုံးရဲ့ မဲဆန္ဒ လိုအပ်ပါတယ်။

ဒါကြောင့် ဒီတစ်ကြိမ်ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်ကြပါ။ လူမှုဘဝဒုက္ခများကို ဖယ်ရှားနိုင်ရေးအတွက် လေဘာပါတီကို ရဲရဲဝံ့ဝံ့ မဲပေးကြပါ။ ဒီမဲဟာ သင်တို့ရဲ့ လုပ်ခလစာကို တိုးတက်စေမယ့် မဲ၊ သင်တို့ရဲ့ မြေယာလုပ်ပိုင်မှုကို လုံခြုံစေမယ့် မဲ၊ သင်တို့ရဲ့ သားသမီးတွေကို ပညာတတ်ဖြစ်စေမယ့် မဲ၊ သင်တို့ရဲ့ မိသားစုဘဝကို ဖွံ့ဖြိုးတိုးတက်စေမဲ့ မဲ ဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေအသီးသီးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လေဘာပါတီရဲ့ ကိုယ်စားလှယ်လောင်းများဟာ ပြည်သူပြည်သားများထဲက ထွက်ပေါ်လာသူများ ဖြစ်ပါတယ်။ သူတို့ဟာ သင်တို့ရဲ့ အခက်အခဲတွေကို အတူရင်ဆိုင်ဖြေရှင်းပေးသွားမယ့် သူတွေပါ။

**ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြောကြားချင်တာကတော့ –**

"ဒီရွေးကောက်ပွဲဟာ သမိုင်းဝင် အခွင့်အရေးပါ။ ဒီအခွင့်အရေးကို လက်လွတ်မခံကြပါနဲ့။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကောင်းမွန်တဲ့ လူမှုဘဝတစ်ခုအတွက် ဖော်ဆောင်နိုင်ဖို့ရန် လေဘာပါတီကို မဲပေးကြပါလို့ လေးစားစွာ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။"

**ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။**

**ကျေးဇူးတင်ပါတယ်ခင်ဗျား။**

✲ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(ငြိမ်း)၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုတို့က အချက်ပြတာလွှတ်ပေးကြသည်။

RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၄၁၁ ဦး၊ ၂၁ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၄၆၀၊ ၄၂ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၁၁၀ စုစုပေါင်း ပြိုင်ပွဲဝင် ၉၈၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး (ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ ၂၁ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် ၄၂ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် MARS Co.,ltd.၊ Beroco Co.,Ltd.၊ Herbal Active Co.,Ltd. တို့က လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကလျှင် ၁၁၅ တင်း ထွက်ရှိ

**မိုးညှင်း နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာအုပ်စု၌ တောင်သူ ဦးထွန်းထွန်း၏ လယ်မြေကွင်း အမှတ်(၃၁၈)၊ ဦးပိုင်အမှတ်(၁၀/၁)ရှိ စိုက်ဧက ၈ ဒသမ ၄၃ ဧကတွင် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဆင်းဧကရီ-၃ မိုး စပါးစံကွက် ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ခိုင်ကို၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးထွန်း၊ မြို့နယ်ဦးစီးမှူး ဦးတင့်မျိုးကိုနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းနေမင်းအောင်နှင့် ဝန်ထမ်းများ၊ တောင်သူများက ပူးပေါင်းပါဝင်ရိတ်သိမ်းကြရာ ဆင်းဧကရီ-၃ မိုးစပါးကောင်းကိုယ်စားပြု တစ်ဧကလျှင် ၁၁၅ တင်း ထွက်ရှိသည်။

မိုးညှင်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၆၀)ရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း မျိုးသန့်စပါးဖြစ်သည့် ဆင်းဧကရီ-၃ မျိုးစပါးကို တောင်သူများက အများဆုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြပြီး အခြားစပါးမျိုးများဖြစ်သည့် ငွေတိုးနှင့် ကောက်ညှင်း စသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# အသစ်ဝင် မြေပဲဆန်များ ကြိတ်ခွဲအား ကောင်းနေပြီး ပဲပတ်ဈေး ကောင်းနေ

အသစ်ဝင် မြေပဲဆန်များအား ဆီစက်များ ကြိတ်ခွဲအား ကောင်းနေတာကြောင့် အရောင်းအဝယ်သွက်နေပြီး ပဲဖတ်ဈေးမှာလည်း ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံမှ သိရသည်။

နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲများ ပုံမှန်သာ အရောင်းအဝယ်ရှိနေသော်လည်း မြေပဲလုံးဆန်နှင့် ဆီဆန်မှာ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

ပဲနှမ်းဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ရှိလာသော်လည်း ပို့ကုန်ပဲများမှာ အရောင်းအဝယ်အေးနေပြီး ပြည်တွင်းသုံး ကုလားပဲနှင့် ပဲမာလိုင်းမှာ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း၊ အသစ်ဝင် မြေပဲဆန်များမှာ အဝင်များလာတာကြောင့် ဈေးအနည်းငယ် ကျဆင်းမှုရှိသော်လည်း ယခုပေါက်ဈေးထက် ဆက်လက် မကျဆင်းနိုင်ကြောင်း၊ မြေပဲလုံးဆန်ကို ပို့ကုန်အတွက် ဝယ်ယူမှုရှိနေပြီး မြေပဲဆီဆန်များမှာ ပဲဖတ်ဈေး ကောင်းနေတာကြောင့် ဆီစက်ပိုင်များ ဝယ်ယူကြိတ်ခွဲလျက်ရှိကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"အသစ်ဝင် မြေပဲဆန်တွေကို ဆီစက်ပိုင်များ ဝယ်ယူကြိတ်ခွဲနေပါတယ်။ မြေပဲဈေးက အနည်းငယ်ကျသော်လည်း လက်ရှိပေါက်ဈေးထက် ဆက်လက်ကျဆင်းစရာ မရှိပါဘူး။ ပဲဖတ်ဈေးက ကောင်းနေတာ တစ်ပိဿာကို ငွေကျပ် ၆၆၀၀ ဈေးထိ ရောက်လာပါတယ်။ ဈေးကွက်ထဲမှာ မြေပဲဆီရော၊ စားအုန်းဆီရော ပိုလျှံနေတော့ ဆီဈေးကျဆင်းမှုရှိပေမယ့် ပဲဖတ်ဈေး ကောင်းနေလို့ ဆီစက်ပိုင်တွေ ဝယ်ယူကြိတ်ခွဲနေနိုင်တာပါ"ဟု ၄င်းက ပြောသည်။ (အောက်ပုံ)



နိုဝင်ဘာ ၁၅ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ခန့် ဈေးကျဆင်းလာရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ ထိုင်ဝမ် ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နိုဝင်ဘာ ၁၅ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀၀-၉၀၀၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ စားတော်ပဲ (ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နိုဝင်ဘာ ၁၅ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၆၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၄၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



# ပြင်ဦးလွင်မြို့အား ဆေးလိပ်ငွေ့ကင်းစင်သောမြို့တော်အဖြစ် ထပ်မံတိုးချဲ့ဆောင်ရွက်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့အား Smoke Free City(ဆေးလိပ်ငွေ့ကင်းစင်သောမြို့တော်) အဖြစ် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဟောပြောပွဲများ၊ ဆေးလိပ်သောက်ခွင့်ရှိသောနေရာ၊ မရှိသောနေရာ စတစ်ကာဘုတ်များကပ်ခြင်း၊ လူစည်ကားရာ အချက်အချာကျသည့် နေရာများတွင် Bill Board များဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယခင်က ၅၄ နေရာဆောင်ရွက်ခဲ့ရာမှ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား၊ တိုင်းရင်းသားကျေးရွာ၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင်လိုဏ်ဂူတော်၊ ဦးခန္တီဘုရား၊ ရွှေမြင်တင်ဘုရား၊ ဇိဏမာန်အောင်ဘုရားနှင့် နီးဘုရား စသည့်နေရာတို့ကို တိုးချဲ့၍ ဆေးလိပ်မီးခိုးငွေ့ကင်းစင်နယ်မြေအဖြစ် ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုအခါတွင် ၂၄၁ နေရာအထိရှိပြီ ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

(အပေါ်ပုံ)

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းအနေဖြင့် ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီလက်လီ၊ လက်ကားအရောင်းဆိုင်များဖြစ်သည့် ဒေါ်စန်းစန်းငွေး (နေလသုခ-၂)ဆီအရောင်းဆိုင်မှ ကျောက်ဆည်မြို့နယ် မြို့မဈေးအရှေ့ဘက်ပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၅၅၀ ကိုလည်းကောင်း၊ ဒေါ်ကေဇာခိုင် (ဗိုလ်တစ်ထောင်) ဆီအရောင်းဆိုင်မှ တုံလုံကျေးရွာပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၁၁၀ ကိုလည်းကောင်း၊ ဒေါ်သဇင်အောင် (နေလသုခ)ဆီအရောင်းဆိုင်မှ နောင်ခမ်းရွာ၊ ငပြောင်ရွာပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၁၁၀ ကိုလည်းကောင်း၊ဒေါ်သီတာ (စစ်ငြိမ်း)စားသုံးဆီဆိုင်မှ ချောင်းဆုံရွာ၊ ဇရစ်ခဲရွာ ပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၁၁၀ ကိုလည်းကောင်း၊ ဦးစိုးမောင်(အောင်စိုးမိုးဦး) စားအုန်းဆီအရောင်းဆိုင်မှ စဉ့်ကိုင်မြို့နယ်၊ ဖလံဗိုလ်၊ စွယ်စုံ၊ ချောင်းဆုံရွာ ပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၄၄၀ ကိုလည်းကောင်း အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စုစုအေး(ကျောက်ဆည်)**



# မြို့နယ်အဆင့်ဖြင့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်အဆင့်ဖြင့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်ကြီးကြပ်၍ မူလတန်းအဆင့်အတွက် နည်းပြ ၃၆ ဦး၊ အလယ်တန်းအဆင့်အတွက် နည်းပြ ၂၆ ဦးတို့ဖြင့် သင်တန်းကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ မူလတန်းအဆင့်သင် ဆရာ၊ ဆရာမ ၅၀၄ ဦးနှင့် အလယ်တန်းအဆင့်သင် ဆရာ၊ ဆရာမ ၄၁၂ ဦး တက်ရောက်ခဲ့ကြပြီး ၄င်းသင်တန်းကို နိုဝင်ဘာ ၁၄ ရက် မှ ၁၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

**ဇင်မင်းမောင် (ခရိုင်/ပြန်/ဆက်)**



# ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**ကလော နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော



အဖွဲ့များသည် ယမန်နေ့ နံနက်ပိုင်းက ရွှေမင်းဖုန်းကျေးရွာအုပ်စု၊ ရွှေတောကျေးရွာ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခိုင်စုစုညိမ်းနှင့်အဖွဲ့ဝင်များ၊ နန်းတိုင်းကျေးလက်ကျန်းမာရေးဌာနနှင့် ရွှေမင်းဖုန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများက ရွှေမင်းဖုန်းကျေးရွာအုပ်စု၊ ရွှေတောကျေးရွာသို့သွားရောက်၍ ကျေးလက်နေ ပြည်သူ ၁၁၃ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ကိုဗစ်ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးနဲ့ငလျင်(ဌာပနာအမွေအနှစ်များ-၁၈)

ရက္ခိတ(ရှေး/သု)



အောင်ခြင်းရှစ်ပါး ကြေးသွန်းဌာပနာရုပ်လေးများ

မန္တလေးမှာ အင်အားပြင်း ငလျင်ကြီး လှုပ်ခဲ့တာ ခုနစ်လပြည့်ခဲ့ပါပြီ။ ရှင်းလင်းမှုတွေ လုပ်ပြီးတဲ့ အလှူရှင်ရှိတဲ့ ဘုရားစေတီကျောင်းတွေကတော့ ပြန်လည်တည်ဆောက်ရေးတွေ စနေကြပြီပေါ့။ အလှူရှင်မရှိသေးတဲ့ အဆောက်အအုံတွေကတော့ စောင့်မျှော်နေကြရင်း ယာယီအဆောက်အအုံလေးတွေနဲ့ ရပ်တည်နေကြရတယ်။ ဒီလိုပါပဲ သဘာဝဘေးကို အန်တုရင်ဆိုင်လို့ ရှုံးထကြရတဲ့အခါ ကံအနည်းအများအလိုက် အရှိန်အဟုန်ချင်း နည်းနည်းတော့ မတူညီကြဘူးပေါ့လေ။ စာရေးသူအနေနဲ့ကတော့ ငလျင်ကြီးကြောင့် ပြိုပျက်တဲ့ဘုရားစေတီတွေထဲက ပေါ်ထွက်လာတဲ့ ဌာပနာအမွေအနှစ်တွေအကြောင်းကို ကိုယ်တိုင်လည်း လေ့လာလို့မကုန်နိုင်သလို စာဖတ်သူတို့ကိုလည်း စေတနာအပြည့်နဲ့ တင်ပြလို့မကုန်နိုင်တဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်။ ရှေးအခါက ကျွန်တော်တို့ ဘိုးဘေးတွေ ဘုရားပုထိုးစေတီတော်တွေ တည်ဆောက်ကြရာမှာ ပျူခေတ်ကစလို့ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်များအထိ ဘုရားဆင်းတု ရုပ်ပွားတော်များကိုပဲ ထည့်သွင်းဌာပနာ လေ့ရှိခဲ့ကြပါတယ်။ ရွှေငွေရတနာပစ္စည်းတွေကိုတောင် သိပ်ပြီးထည့်သွင်းလေ့ မရှိကြသေးပါဘူး။ ဒုတိယအင်းဝခေတ်လို့ခေါ်တဲ့ ညောင်ရမ်းခေတ်ကျတော့ နည်းနည်းလေးစပြီး ပြောင်းလဲလာပါတယ်။ အဓိက ဆင်းတုတော်သာမကတော့ဘဲ အရန်အဖြစ် မြတ်ဘုရားရဲ့ ဘုရားဖြစ်ပြီးနောက် တရားနှလုံးသွင်းကာ ဈာန်ချမ်းသာနဲ့ ကျင့်သုံးနေထိုင်ခဲ့တဲ့ သတ္တသတ္တာဟလို့ခေါ်တဲ့ ခုနစ်နေရာမှာ ခုနစ်ရက်စီ စံမြန်းခန်းကို တခုတ်တရ ထည့်သွင်းပူဇော်လာကြပါတယ်။ နောက်တစ်ခါ အဇာတသတ်မင်းကြီးထုံး နှလုံးမူပြီးတော့ ရွှေငွေနဲ့ ကျောက်မျက်ရတနာများကိုလည်း အခါအားလျော်စွာ ထည့်သွင်းလို့ ဌာပနာလာခဲ့ကြတာကို တွေ့လာရပါတယ်။ ကုန်းဘောင်ခေတ်ဦးရောက်ပြန်တော့ အရင်ခေတ်အဆက်ဆက်က ကြေးသွန်းရုပ်ပွားတော်များနေရာမှာ ချိတ်ခံငွေကွပ်ဆင်းတုတော်များကို လှိုင်လှိုင်ကြီး ပြုလုပ်ထည့်သွင်း ဌာပနာလာခဲ့ကြပါတယ်။ ကြေးသွန်းနဲ့ ငွေပြားခတ်ကွာခြားပေမယ့် အဲ့ဒီလိုငွေဆင်းတုတော်မျိုး ဉာဏ်တော် အရွယ်အစားမျိုးစုံကို အမရပူရမြို့နယ်တစ်ခုထဲမှာ ထောင်နဲ့ချီပြီး တွေ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း ရှေးမြန်မာကြီးများရဲ့ သဒ္ဓါတရားကို အားကျလို့မဆုံး၊ သာဓုခေါ်လို့မဆုံးနိုင် ဖြစ်ခဲ့ရပါတယ်။ နောက်တစ်ခါ ကြေးသွန်းဖြစ်စေ၊ ငွေပြားကွပ် ဆင်းတုဖြစ်စေ အသက်မွေးဝမ်းကျောင်းမှု သက်သက်မဟုတ်ဘဲ စေတနာအား အပြည့်ထည့်ပြီး လက်ရာထူးခြားစွာ ပြုလုပ်ထားတာလေးတွေ တွေ့ရပြန်တော့ အလှူရှင်ကိုရော ဖန်တီးရှင်တို့ကိုရော မလေးစားဘဲ မနေနိုင်ပြန်ပါဘူး။ ကျနော်တစ်ယောက်တည်း သိနေရုံ၊ ခံစားနေရုံနဲ့တင် အားမရဘဲ သူတို့ရဲ့ သဒ္ဓါအားနဲ့ စေတနာအားတို့ကို စာဖတ်သူတွေကိုပါ သိရအောင်၊ ခံစားနိုင်အောင် မျှဝေခဲ့ပါတယ်။ အဲ့ဒါကြောင့် အခုလည်း အမရပူရမြို့ မှန်တန်းရပ်မှာ တည်ထားခဲ့တဲ့ ဆုတောင်းပြည့်စေတီတော်သည် ငလျင်ကြောင့် ပြိုပျက်ရာကနေ ထွက်ပေါ်လာတဲ့ ထူးခြားတဲ့ ဌာပနာရုပ်တု အစုလေးအကြောင်း ဗဟုသုတအလို့ငှာ တင်ပြလိုပါတယ်။ အကြောင်းအရာအနေနဲ့ကတော့ စာဖတ်သူတွေ သိရှိကြပြီးသား ဗုဒ္ဓဝင်ထဲက မြတ်ဘုရားရဲ့ အောင်ခြင်းရှစ်ပါး အကြောင်းပါ။ ဒါများကွာ၊ အဆန်းလုပ်လို့ အချိန်ကုန်ခံပြီး ရေးနေသေးတယ်လို့ စောဒကတက်မယ်ဆိုရင် ထူးခြားမှုလေးတွေ ပါနေလို့ပါ။ ဘာထူးခြားလို့လဲလို့မေးရင် အရင်ကအောင်ခြင်းရှစ်ပါး ဗုဒ္ဓဝင်ဇာတ်လမ်းကို မင်းသား သိဒ္ဓတ္ထကုမာရကို မာရ်နတ်တားတဲ့ တောထွက်ခန်းလို ရုပ်တုအစုလေးကိုပဲ ၉၀ ရာခိုင်နှုန်းတွေ့ခဲ့ကြရပါတယ်။ နောက်ပိုင်းမှာသာ ဝပ်နေတဲ့ နာဠာဂီရိဆင်သီးသန့်ရုပ်ကိုလည်း ကြိုကြားကြိုကြား တွေ့လာရပါတယ်။ အဲ့ဒါတောင် ဆင်ရုပ်တစ်ခုတည်းဆိုတော့ တွေ့တွေ့ချင်း ဘာရည်ရွယ်ချက်နဲ့ ဘာဇာတ်လမ်းအတွက် ဖန်တီးထားတာလဲဆိုတာ ကောက်ချက်ချဖို့ မလွယ်ပါဘူး။ တစ်ခုတည်း အဆက်အစပ်မှ မရှိဘဲကိုး။ အဲ့ဒီလို ပဟေဠိဆန်ဆန်ဖြစ်နေတယ်ဆိုတာ အမရပူရခေတ်က ကြေးသွန်းဖန်တီးရှင် သိသွားလေသလားပဲ။ မြတ်ဘုရားရဲ့ အောင်ခြင်း ရှစ်ပါး ဇာတ်ကွက်တွေ အပြည့်အစုံကို တစ်နေရာတည်းမှာပဲ အင်္ဂတေထဲအရုပ်လေးတွေ နစ်မြုပ်ပြီး ထည့်သွင်းလှူဒါန်း ဌာပနာခဲ့တာကို ထူးခြားစွာတွေ့လာပါတယ်။ ဒီနေရာမှာ အပြိုအပျက် ရှင်းလင်းတဲ့ ဂေါပကအဖွဲ့ရဲ့စေတနာကို တခုတ်တရ မှတ်တမ်းတင်လိုပါတယ်။ သာမန်အတိုင်းဆိုရင် ဌာပနာတွေကို တွေ့တယ်ဆိုရင် တစ်ခုချင်း ထုတ်ယူလေ့ရှိပါတယ်။ တချို့ဘုရားဆို ဌာပနာကို လူနဲ့ထုတ်ယူတာတောင် ဘက်ဟိုးလိုစက်ကြီးနဲ့ ကော်ပစ်သလား အောက်မေ့ရလောက်အောင် ပျက်စီးလိုက်တာမှ ရက်ရက်စက်စက်ပဲ။ ထောင်နဲ့ချီတဲ့ ငွေဆင်းတုလေးတွေ တစ်ဆူမှ အကောင်းမရအောင် ပျက်စီးတာပါ။ လူနဲ့ထုတ်တာမှဟုတ်ရဲ့လားလို့ ဂေါပကကိုမေးကြည့်တော့ ဟုတ်တယ်ဆိုလို့သာ မသက်မသာ လက်ခံလိုက်ရတယ်။ မယုံချင်သေးဘူး။ နောက်ဆုံးတော့ မွဲလိုက်တဲ့ စေတနာလို့ပဲ မှတ်ချက်ပြုလိုက်ရပါတော့တယ်။ ထားပါတော့လေ အခုတင်ပြမယ့် ရုပ်တုအစုလေးအကြောင်းပဲ ဆက်ပြောကြရအောင်။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ ဂေါတမ မြတ်စွာဘုရားဟာ ပါရမီ ၁၀ ပါး၊ အပြား ၃၀၊ စွန့်ခြင်းကြီးငါးပါးကို ဖြည့်ကျင့်ပြီးမှ ဘုရား ဖြစ်လာတာပါ။ ဘုရားဖြစ်တယ်ဆိုရာမှာလည်း သူတကာတို့ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာကို ခြောက်နှစ်တိုင်တိုင် ဖြည့်ကျင့်ပြီးမှ မာရ် ငါးပါးကို အောင်မြင်ပြီး သဗ္ဗညုတစင်စစ် ဘုရားအဖြစ်ကို ရောက်တော်မူခဲ့တာပါ။ အဲ့ဒီမာရ် ငါးပါးကတော့ (၁)ဒေဝပုတ္တမာရ်-ဝသဝတ္တီနတ်ပြည်က အဖျက်နတ်မင်းကို အောင်မြင်ခြင်း (၂)ကိလေသမာရ်-အကုသိုလ် ၁၅၀၀ ကိလေသာတရားကို အောင်မြင်ခြင်း (၃)အဘိသင်္ခါရမာရ်-ပြုလုပ်စီရင်တတ်သော လောကီကုသိုလ်ကံ အကုသိုလ်ကံ တရားများကို အောင်မြင်ခြင်း (၄)ခန္ဓမာရ်-လောကီ ခန္ဓာငါးပါးကို အောင်မြင်ခြင်း (၅)မစ္စုမာရ်-သေခြင်းတရားကို အောင်မြင်ခြင်းတို့ ဖြစ်ကြပါတယ်။ အဲ့ဒီမာရ် ငါးပါးအပြင် မြတ်ဘုရားသက်တော်ထင်ရှားရှိစဉ်က အောင်မြင်ထိုက်သော ရန်သူများကိုလည်း အောင်မြင်ခဲ့ပါတယ်။ အဲ့ဒါတွေကတော့ ဝါဒရေးရာမှာ ပြိုင်ဆိုင်ယှဉ်တုလာတဲ့ (၁)သစ္စကပရိဗိုဇ်၊ (၂)ခေတ်ပြိုင် ဒိဋ္ဌိဘုရားကြီး ခြောက်ပါးနဲ့ သူတို့ရဲ့ကြံစည်မှုဖြင့် စိဥ္စမာနဝိကာ (၃)ဗကဗြဟ္မာကြီး၊ (၄)ဘုရားအပါအဝင် ခုနစ်ရက်သားသမီးတို့ကို ဆန့်ကျင်နှောင့်ယှက်ညှဉ်းဆဲနှိပ်စက်တဲ့ နန္ဒောပနန္ဒနဂါးကြီး၊ (၅)အင်္ဂုလိမာလလူဆိုးကြီး၊ (၆)အာဠာဝကဘီလူးကြီး၊ (၇)ဒေဝဒတ္တနဲ့ ဆက်စပ်နေတဲ့ နာဠာဂီရိဆင်ဆိုးကြီးတို့ကိုလည်း မေတ္တာဖြင့် အောင်မြင်ခဲ့ပါတယ်။ သေချာတွေးကြည့်ရင် အဲ့ဒီအောင်မြင်မှုတွေဟာ နယ်နယ်ရရ မဟုတ်ပါဘူး။ အခန့်မသင့်ခဲ့ရင် နာမည်ပျက်သုဉ်း လူဖြစ်ရှုံးသွားစေလောက်တဲ့ ကြံစည်မှုတွေ၊ အသက်ပင် ဆုံးရှုံးသွားနိုင်လောက်တဲ့ ကြံစည်မှုတွေပါတယ်ဆိုတာ သိသာပါတယ်။ ပမာဆောင်ရရင် သစ္စကပရိဗိုဇ်က သူ့နောက်လိုက် လိစ္ဆဝီမင်းသားတွေ ခေါ်လာပြီး လူစကားနဲ့ပြောရရင် မြတ်ဘုရားကို ချဲလန့်လုပ်တာနော်။ ထိုနည်းတူ စိဥ္စမာနဝိကာဆိုရင်လည်း လူပုံအလယ်မှာ လိင်စော်ကားမှု သဘောမျိုးစွပ်စွဲပြီး အရှက်ခွဲတာနော်၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်းဆိုးကြီးနဲ့ အာဠာဝကဘီလူးကလည်း အသက်ဇီဝိန်ကို လုပ်ကြံကြတာနော်။ အဲ့ဒီအောင်ခြင်းတွေကို တစ်နေရာတည်းမှာစုပြီး ဌာပနာထားတာဟာ ပထမဆုံးတွေ့ရခြင်းမို့ ဗဟုသုတအဖြစ် တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်က ဖန်တီးတဲ့ ကြေးသွန်းပညာရှင်ဟာ အဲ့ဒီဇာတ်ကွက်တွေရဲ့ ဘယ်နေရာက အထွတ်အထိပ်ဖြစ်တယ်ဆိုတာကို စဉ်းစားပြီးမှ သွန်းလောင်းထားတာကိုလည်း သိစေချင်ပါတယ်။ ငွေရရင် ပြီးပြီးရောဆိုပြီး လုပ်မထားပါဘူး။ အောင်ခြင်းတစ်ခုချင်းအနေနဲ့ တင်ပြပါမယ်။ မာရ်နတ်ကို အောင်မြင်ခန်းမှာ 'မာရ်နတ်မင်းမှာ … စက်ဘုန်းအရောင်ရှိသည်၊ သူ့ကိုယ်မှာပင် … လက်ရုံးတစ်ထောင်ရှိသည်'ဆိုတဲ့ သီချင်းစာသားလေးအတိုင်း လက်နက်များစွာ ကိုင်ထားတဲ့ လက်များစွာနဲ့ ခက်ထန်စွာ အမိန့်ပေးနေဟန် ထုလုပ်ထားပါတယ်။ မာရ်နတ်ရဲ့ အနောက်နားက ဆင်ပေါ်မှာတော့ လက်နက်ဆန်း ကိုင်ဆောင်ထားတဲ့ နောက်လိုက်တစ်ယောက်လည်း ပါပါသေးတယ်။ အာဠာဝကဘီလူးမင်းကိုလည်း 'ဘွဲ့ဖြူလက်နက်၊ ဘီလူးစက်' ဆိုတဲ့ စက်ကြီး ၁၃ ပါးလာ စာဆိုအတိုင်း လက်နှစ်ဖက်မှာ ဘွဲ့ဖြူလက်နက်လေး ကိုင်လျက်သား ဖန်တီးထားပါတယ်။ အင်္ဂုလိမာလကိုတော့ လူဆိုးကြီးပီပီ ဆရာ့စကားရင်မှာပိုက်လို့ ဖြတ်ထားတဲ့ လက်ညှိုးတွေ လည်ပင်းမှာသီလျက် ဓားထမ်းပြီး ဘုရားရှင်ကို ရပ်ခိုင်းနေဟန် သွန်းလောင်းထားပါတယ်။ စိဥ္စမာနဝိကာကိုတော့ ဘုရားကို လက်ညှိုးထိုးပြီး စွပ်စွဲနေဟန် ပြုလုပ်ထားပါတယ်။ မာရ်နတ်မင်းစီးတဲ့ ဂီရိမေခလာနဲ့ ဒေဝဒတ္တရဟန်း စေလွှတ်လိုက်တဲ့ နာဠာဂီရိ ဆင်ဆိုးကြီးကိုတော့ ဆင်တို့ရဲ့သဘာဝအတိုင်း တစ်ဖက်သားကို ရန်ပြုတိုက်ခိုက်ရန်လာတဲ့အခါ ပြုမူလေ့ရှိတဲ့ ဟန်အတိုင်း နှာမောင်းကို ရှေ့သို့ ဆန့်တန်းပြီး အစွယ်နဲ့ တိုက်ခိုက်မည့်ဟန် ဖန်တီးထားတာ သိပ်ချစ်စရာကောင်းတာပဲ၊ ထိုနည်းတူ သစ္စကပရိဗိုဇ်ရဲ့ပုံကိုလည်း ဗုဒ္ဓဝင်ထဲပါတဲ့အတိုင်း အဖေ့ဘက်က ဝါဒ ၅၀၀၊ အမေ့ဘက်က ဝါဒ ၅၀၀၊ စုစုပေါင်း ဝါဒ ၁၀၀၀ ကို သိမ်းဆည်းထားတဲ့ ဗိုက်ကြီးကွဲထွက်မသွားအောင် သံခါးပတ်ကြီးနဲ့ ပတ်ထားဟန် ဖန်တီးပြုလုပ်ထားပါသေးတယ်။ နန္ဒောပနန္ဒနဂါးမင်းကို ဖန်တီးရာမှာတော့ 'အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်' လို့ဆိုတဲ့အတိုင်း ထုလုပ်ရာမှာ ဟန်ပန်အပြင် ခေတ်ရဲ့သရုပ်ကိုလည်း မမေ့မလျော့ ဖန်တီးထားတဲ့ ပါးစပ်နဲ့ ပလုတ်လေးကို အမရပူရခေတ် လက်ရာဆိုတာ ပေါ်လွင်စေအောင် ဖန်တီးထားတာမို့ ခေတ်ကာလ လေ့လာလိုသူ သုတေသီများအတွက်ပါ အကျိုးများစေခဲ့ပါတယ်။ အဓိကဖြစ်တဲ့ မြတ်စွာဘုရားကိုတော့ အားလုံးရဲ့မျက်နှာချင်းဆိုင်မှာ ကြီးမားသော မဟာကရုဏာတော်နဲ့ စက္ကုန္ဒြေချပြီး ကြည်ညိုဖွယ် ပုံဖော်ထားပါတယ်။ ကိုင်း စာရှုသူ … ကျွန်တော်တင်ပြထားတာ မလွန်ပါဘူးနော်။ သေချာများ အသေးစိတ်ထပ်ပြီး လေ့လာလိုပါက စစ်ကိုင်း-မန္တလေး ကားလမ်းနဲ့ တောင်သမန်အင်းဘေးကလာတဲ့ ကားလမ်းဆုံရာ မီးပွိုင့်အနီးက ဆုတောင်းပြည့်စေတီတော်ကို သွားပြီး ဂေါပကများထံ အခွင့်ခံလို့ လက်တွေ့ကြည့်နိုင်ပါတယ်။ အဲ့ဒီလိုသာ သွားခဲ့ရင် ဌာပနာတွေသာမကပဲ စေတီတော် ဂန္ဓကုဋိတိုက်အတွင်းမှာ မပျက်မစီးဘဲ ကိန်းဝပ်စံပယ်နေတဲ့ ဘိုးတော်ဗဒုံမင်း(ပထမအမရပူရခေတ်ဦး)လက်ထက် စကျင်ကျောက်နဲ့ ထုလုပ်ထားတဲ့ ဆင်းတုတော်တွေရယ်၊ မြေးတော် သာယာဝတီမင်းလက်ထက် (ဒုတိယအမရပူရခေတ်)မှာ ထုလုပ်ထားခဲ့တဲ့ စကျင်ကျောက်ဆင်းတုတော်တွေရယ်၊ ပြိုပျက်လုနီးပါးဖြစ်နေတဲ့ သိမ်အဆောက်အအုံက အမရပူရခေတ်လက်ရာ၊ အင်္ဂတေပန်းတော့လက်ရာတွေ၊ ဌာပနာတွေရဲ့လက်ရာတွေကို ဆက်စပ်ပြီးခံစားကြည့်မယ်ဆိုရင် ကျွန်တော်တင်ပြတာထက် ပိုပြီး ပြည့်ပြည့်စုံစုံတွေ့ရမှာ ဖြစ်တယ်လို့ လမ်းညွှန်လိုက်ရပါကြောင်း။

**ကိုးကား။**

**။ ဇိနတ္ထပကာသနီကျမ်း-ကျီးသဲလေးထပ်ဆရာတော်**

**လက်တွေ့ကွင်းဆင်းလေ့လာချက်များ**

# ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံ



ပေကျင်း နိုဝင်ဘာ ၁၅

ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းသည် တရုတ်နိုင်ငံသို့ ငါးရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိလျက်ရှိသည်။

တရုတ်နှင့်ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်ခြင်းဖြစ်သည်။

ထိုင်းဘုရင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ မြို့တော်ပေကျင်း ပြည်သူ့ခန်းမကြီး၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က နှစ်နိုင်ငံ၏ သမိုင်းဝင်သောနေ့ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကြား ဆက်ဆံရေးစာမျက်နှာသစ်ကို ပူးတွဲရေးသားလိုကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန် ဆန္ဒရှိကြောင်း ဘုရင်က ရှီအား ပြောကြားခဲ့သည်။

ဘုရင်မဟာဝိဇယလောင်ကွန်းသည် နိုဝင်ဘာ ၁၇ ရက်အထိ တရုတ်နိုင်ငံတွင် နေထိုင်ရန် စီစဉ်ထားသည်။ အခမ်းအနားများ တက်ရောက်မည်ဖြစ်ပြီး ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ နေရာများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ တဲများအတွင်းသို့ မိုးရေများဝင်ရောက်




ဂါဇာစီးတီး နိုဝင်ဘာ ၁၅

ဂါဇာကမ်းမြောင် တစ်လျှောက် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ တဲများအတွင်းသို့ မိုးရေများ ဝင်ရောက်ခဲ့သည်။

ဂါဇာစီးတီးရှိ လမ်းမများတွင် ရေလျှံလျက်ရှိပြီး ရွှေ့ပြောင်းဒုက္ခသည်များ၏တဲများတစ်ဝိုက်တွင် ရွှံ့ရေများဖြင့် ဝန်းရံနေကြောင်း ဂါဇာကမ်းမြောင်ရုံးမှ အမှုထမ်းတစ်ဦးက ပြောကြားသည်။

အလယ်ပိုင်း ဒီရာအယ်လ်ဘာလာ့ရှ်မြို့အနီးရှိဒေသခံများက ၎င်းတို့၏ တဲများပတ်ပတ်လည်တွင် မြေကြီးများကို တောင်ကုန်းများပုံစံပြုလုပ်ကာ မိုးရေများဝင်ရောက်မှုကို တားဆီးခဲ့ကြသည်။

မကြာမီ ဆောင်းရာသီ ရောက်ရှိလာမည်ဖြစ်သည့်အတွက် အမိုးအကာများအပါအဝင် ဆောင်းရာသီသုံးပစ္စည်းများ ပေးပို့နိုင်ရန် ဝင်ပေါက်အားလုံးကို ဖွင့်ပေးရန် ဒေသန္တရအစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုက အစ္စရေးကို တောင်းဆိုထားသည်။

ပြီးခဲ့သည့်လက အပစ်အခတ်ရပ်စဲရေး အသက်ဝင်ပြီးနောက် ဆောင်းရာသီအတွက် လိုအပ်သည့်ပစ္စည်းများ ပေးပို့မှုမှာ ကြန့်ကြာလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသခံများက စောင်များကဲ့သို့သောလိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးရန် တောင်းဆိုခဲ့သည်။

ဟားမတ်စ်က နောက်ထပ် ဓားစာခံတစ်ဦး၏ ရုပ်အလောင်းကို ပြန်လည်ပေးပို့ခဲ့ကြောင်း အစ္စရေးက နိုဝင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့သည်။ ကျန်ရှိနေသော ဓားစာခံ သုံးဦး၏ ရုပ်အလောင်းများကို ပြန်ပေးရန် အစ္စရေးအစိုးရက ဟားမတ်စ်အဖွဲ့အား တောင်းဆိုလျက်ရှိသည်။

ဓားစာခံများအားလုံးကို ပြန်လည်ပို့ဆောင်ပြီးပါက ဟားမတ်စ်၏ လက်နက်ဖြုတ်ချရေး အပါအဝင် အမေရိကန်ညှိနှိုင်းပေးသည့် ငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့်သို့ အကောင်အထည်ဖော်ဆောင်ရန် အလားအလာ ကောင်းမွန်လျက်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရှင်ကျိုး ၂၀ အာကာသယာဉ်မှ အာကာသယာဉ်မှူးသုံးဦး ကိုးရက်နောက်ကျပြီးမှ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

ပေကျင်း နိုဝင်ဘာ ၁၅

ရှင်ကျိုး ၂၀အာကာသယာဉ် အဖွဲ့သားများသည် ၎င်းတို့၏ စီစဉ်ထားသော ဆင်းသက်ချိန်ထက် ကိုးရက်နောက်ကျပြီးနောက် နိုဝင်ဘာ ၁၄ ရက် နေ့လယ်ပိုင်းတွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးစဉ်ခေါင်းဆောင် ဗိုလ်မှူးကြီးဟောင်း ချန်တုန်း၊ အဖွဲ့သားများဖြစ်ကြသော ဗိုလ်မှူး ချန်ကျုံးရှီနှင့် ဗိုလ်မှူး ဝမ်ကျဲ့တို့ ပါဝင်သည့် အာကာသယာဉ်မှူးသုံးဦးကို သယ်ဆောင်လာသော ပြန်လည်ဝင်ရောက်ရေး ကက်ဆူးလ်သည် ကမ္ဘာမြေဆီသို့ နာရီငါးနာရီကျော် ပျံသန်းပြီးနောက် အင်နာမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တုန်းဖုန်းဆင်းသက်ရာနေရာသို့ ညနေ ၄ မိနစ် ၄၀ မိနစ်တွင် ဆင်းသက်ရောက်ရှိလာသည်။

အာကာသယာဉ်အစိတ်အပိုင်း၏ အပြင်ဘက်တွင် ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသပျံသန်းမှုအားလုံး၏ မိခင်ဆိပ်ကမ်းဖြစ်သော ကျီချွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ မြေပြင်ပြန်လည်ဆယ်ယူရေးဝန်ထမ်းများသည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိသော ယာဉ်၏ အဖုံးကိုဖွင့်ကာ အာကာသယာဉ်မှူးများ၏ ကျန်းမာရေးအခြေအနေကို ကနဦး စစ်ဆေးခဲ့သည်။

ထို့နောက် အဖွဲ့သားများကို ကက်ဆူးလ်ထဲမှ ထွက်လာရန် ကူညီပေးပြီး ထိုင်ခုံများပေါ်တွင် ထိုင်ခိုင်းကာ တရုတ်ဗဟိုရုပ်မြင်သံကြားမှ သတင်းထောက်တစ်ဦးနှင့် အတွေ့အကြုံများကို တိုက်ရိုက်အစီအစဉ်တွင် မျှဝေခဲ့ပြီးမှ ဆေးစစ်ပေးမည့် ယာဉ်များဆီသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

**Mon**



## အာဖဂန်နစ္စတန်၌ ဒေသထွက်ကုန်များ အထွက်နှုန်းကောင်းစေရန် ဖန်လုံအိမ်ပေါင်း ၁၀၀ တည်ဆောက်

ကဘူးလ် နိုဝင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ဒေသထွက်ကုန်များ အထွက်နှုန်းကောင်းလာစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဖန်လုံအိမ်ပေါင်း ၁၀၀ ကို အာဏာပိုင်များက တည်ဆောက်ခဲ့ကြောင်း နိုင်ငံပိုင်ဘတ်ခ်ထာသတင်းဌာနက ယနေ့ပြောကြားခဲ့သည်။

ခရိုင်မြို့တော် ကန်ဒါဟာအပါအဝင် ခရိုင် ၁၂ ခု၌ အမေရိကန်ဒေါ်လာ ၁၈၂၅၀၀ တန်ဖိုးရှိသော ဖန်လုံအိမ်ပေါင်း ၁၀၀ ကို တည်ဆောက်ထားပြီး ရေစီမံခန့်ခွဲမှုစနစ်ဖန်တီးပြုလုပ်ကာ သီးပင်စားပင်များ စိုက်ပျိုးရန်စီစဉ်ထားကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာနပြောခွင့်ရပုဂ္ဂိုလ် မိုဟာမက်ဟာမယ်လ်က ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



## ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံရှိ ကျောင်းနှင့် မူကြိုကျောင်းများ၌ ကလေးကစားသော သဲများထဲတွင် ကျောက်ဂွမ်းအန္တရာယ် တွေ့ရှိရ

ကင်ဘာရာ နိုဝင်ဘာ ၁၅

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံရှိ ကျောင်းနှင့် မူကြိုကျောင်း ဒါဇင်များစွာသည် ကလေးကစားသော သဲများထဲရှိ ကျောက်ဂွမ်းအန္တရာယ် သတိပေးချက်ကြောင့် လုံးဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိတ်လိုက်ရကြောင်း သိရသည်။

ကျောက်ဂွမ်းသဲလွန်စများ ပါဝင်နေသည်ကို တွေ့ရှိရသော အရောင်တင်ထားသည့် ထိုပစ္စည်းများအား ပြန်လည်သိမ်းဆည်းရန် ဩစတြေးလျ ပိုင်ဆိုင်မှုနှင့် စားသုံးသူကော်မရှင်က အကြောင်းကြားစာ ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကျောက်ဂွမ်းသည် လေထဲတွင်ပျံ့လွင့်နိုင်ခြင်း သို့မဟုတ် ရှူရှိုက်နိုင်သည်အထိ အမှုန့်သေးနိုင်ခြင်းတို့အတွက် အန္တရာယ်နည်းပါးသည်ဟု စည်းမျဉ်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သော်လည်း ၎င်းသည် အန္တရာယ်ဖြစ်စေနိုင်စွမ်းရှိနေသေးသည်ဟု ဆိုသည်။

နယူးဇီလန် စီးပွားရေး၊ တီထွင်ဆန်းသစ်မှုနှင့် အလုပ်အကိုင်ဝန်ကြီးဌာနကလည်း အဆိုပါသဲများကို အသုံးပြုခြင်း ရပ်တန့်ရန်နှင့် လိုင်စင်ရ ကျွမ်းကျင်ပညာရှင်များမှတစ်ဆင့် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ယမန်နေ့က ကင်ဘာရာမြို့တည်ရှိရာ ဩစတြေးလျမြို့တော်နယ်မြေရှိ အနည်းဆုံးကျောင်း ၁၅ ကျောင်းနှင့် မူကြိုကျောင်း ခုနစ်ကျောင်းကို ကြိုတင်ကာကွယ်မှုအဖြစ် လုံးဝပိတ်ခဲ့ပြီး အခြား ခြောက်ကျောင်းကို တစ်စိတ်တစ်ပိုင်း ပိတ်ထားခဲ့သည်။ ကွင်းစလန်ပြည်နယ်တွင်လည်း ကျောင်းတစ်ကျောင်း ပိတ်ထားရကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေး၊ သင်တန်းဖွင့်ပွဲ ပြုလုပ်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၅** မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ ရက်ကွက်ကြီး(၅)၊ မြို့တော်ခန်းမတွင် နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။




အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးကျော်တင့်(မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ ဗဟိုရန်ကုန်မြို့)မှ နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ(၅)၊ ဗဟိုဥက္ကဋ္ဌ ဦးတင်ယုက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက နေပြည်တော်မှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးမှုဆိုင်ရာများကို သင်တန်းပို့ချပေးကာ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်(အကျုံးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နေပြည်တော်)က Zoom Meeting ဖြင့် အသီးသီးသင်တန်းပို့ချပေးခဲ့သည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းကို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြင်ဦးလွင်ခရိုင်တွင်းရှိ အသင်းဝင်များအား အသိပညာတိုးပွားစေရန်နှင့် ဝန်ဆောင်မှုအရည်အသွေးများတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အတွင်းမှ သင်တန်းသူ၊ သင်တန်းသား ၃၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)(မန္တလေးနေ့စဉ်-၆)**

# အခြေခံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၁၅** မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အခြေခံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂)ဦးစိုးလှမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ လျော့နည်းစေရန်အတွက် ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများမှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းအပိုင်းများ အားကောင်းကောင်းဖြင့် ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှုရလဒ်များ သက်သာအောင် ရင်ဆိုင်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းကို ဆက်လက် ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၁ ရက် မှ ၁၃ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။




# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ


**ဟုမ္မလင်း နိုဝင်ဘာ ၁၅** စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ခေတ် ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာအုပ်၊ စာပေများကို စိတ်ဝင်စားလာစေရန်နှင့် ဖတ်ရှုအသုံးပြုလာစေရန်၊ ကျောင်းတွင်သာမက ပြင်ပ အသိပညာဗဟုသုတများ ပိုမိုရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ရက်တို့တွင် ဟုမ္မလင်းမြို့နယ်၊ စေတီဆိပ်ကျေးရွာ အ·ထ·ကနှင့် နမ့်တော(အ·မ·က) တို့တွင် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောတွင် ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇင်မင်းဝေက သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ အသိပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆောက်က ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူတော်လူကောင်းများ ဖြစ်လာစေရန်၊ ကျောင်းစာ၊ ပြင်ပဗဟုသုတများ ကြွယ်ဝစေရန် အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း(?)

## အမြတ်ဆုံးရတနာဟာ စာပေပါ

* တို့စာပေ တို့လေးစား
တန်ဖိုးထား ထိန်းသိမ်းပါ ။

* စာပေသည် နိုင်ငံ့အတွက်
ဂုဏ်တက်စေမှာ ။

* စာပေဖတ်မှ အောင်ပန်းဝေ
အမှောင်လမ်းတွေ ကွယ်ကာပျောက် ။

* စာပေသည်သာ အမြတ်ဆုံးလို့
တင်စားမှတ်ကျောက် ။

* တို့စာပေ မချိုစဉ်မြဲ
တို့ရင်ထဲ ကိန်းအောင်းစေ ။

* စာပေမြင့်လျှင် လူမျိုးမြင့်လို့
ဂုဏ်တင့်နိုင်ပေ ။

* စာပေစနစ် စည်းကမ်းကြွယ်
ခရီးလမ်းရယ် ဖြောင့်စေသား ။

* တို့စာပေကို အစဉ်သာချစ်
ထုဆစ်လှုပ်ရှား ။

* တို့စာပေ တန်ခိုးတောက်ဖို့
ထိုးဖောက်စို့ ကမ္ဘာ့အလယ် ။

* တို့တစ်တွေ အစဉ်နိုးကြား
ကြိုးစားကြမယ် ။

* စာပေအကျိုးသယ်ပိုးကာ
ကိုယ်ကျိုးဟာ မတွက်ဘဲ ။

* ရည်မှန်းရာ ပန်းတိုင်အရောက်
လှမ်းလျှောက်ရဲရဲ ။ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဂျာမနီအသင်းက လူဇင်ဘတ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၅**

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီအသင်းနှင့် လူဇင်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက လူဇင်ဘတ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၉မိနစ်နှင့် ၆၉မိနစ်တွင် ဝေါတာမိတ်က သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ် ၅ပွဲကစားအပြီးတွင် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ဂျာမနီအသင်းသည် အောက်တိုဘာ ၁၈ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ယာပုံ)**

**(NGB)**



## ခရိုအေးရှားလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်

**လန်ဒန် နိုဝင်ဘာ ၁၅**

ခရိုအေးရှားလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းသည် ဖာရိုးကျွန်းစုများအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခရိုအေးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ၇ပွဲကစားအပြီးတွင် ရမှတ် ၁၉ မှတ်ဖြင့် အဆင့် ၂ နေရာမှ ချက်အသင်းအား ၆ မှတ်ထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် ၁ပွဲအလိုမှာပင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲအား ၂၀၂၆ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် ကျင်းပသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**




## ချာလီခရက်စ်ဝဲလ်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၅**

ဝက်စ်ဟမ်းအသင်းသည် တူးလော့စ်အသင်း နောက်ခံကစားသမား ချာလီခရက်စ်ဝဲလ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် တူးလော့စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ချာလီခရက်စ်ဝဲလ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် တူးလော့စ်အသင်းထံမှ ချာလီခရက်စ်ဝဲလ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## အယ်လ်ဟရက်ဇ်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၁၃၂သန်းအဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်း သတ်မှတ်

**မက်ဒရစ် နိုဝင်ဘာ ၁၅**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၁၃၂ သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ပွဲကစားပြီး ၃၈ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း အယ်လ်ဗာရက်ဇ်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း အယ်လ်ဗာရက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**




## ဘာပေ ခြေကျင်းဝတ်ဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**ပါရီ နိုဝင်ဘာ ၁၅**

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဘာပေမှာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပ ဇုန် ခြေစစ်ပွဲစဉ်အဖြစ် ပြင်သစ်လက်ရွေးစင်အသင်းက ယူကရိန်းအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဘာပေ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပြင်သစ်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၇မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၉၄ပွဲကစားကာ ၅၅ဂိုးထိ သွင်းယူထားသည်။ **(အောက်ပုံ)**

**(NGB)**



## မက်ဆီ ကစားသမားဘဝ သွင်းဂိုးပေါင်း ၈၉၅ ဂိုးထိ ရှိလာ

**လန်ဒန် နိုဝင်ဘာ ၁၅**

အာဂျင်တီးနားလက်ရွေးစင်အသင်းတိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝ သွင်းဂိုးပေါင်း ၈၉၅ဂိုးထိ ရှိလာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက အန်ဂိုလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၈၉၅ ဂိုးထိ ရှိလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၅ပွဲကစားပြီး သုံးဂိုး သွင်းယူထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလို သွင်းဂိုးပေါင်း ၈၉၅ဂိုးထိ ရှိလာခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## အောက်တိုဘာလအတွက် အင်္ဂလိပ် ချန်ပီယံရှစ် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဖရန့်လမ်းပတ်ဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၁၅**

အင်္ဂလိပ်ချန်ပီယံရှစ်မှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ကိုဗင်ထရီနည်းပြ ဖရန့်လမ်းပတ်က ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကိုဗင်ထရီအသင်းနှင့်အတူ အင်္ဂလိပ်ချန်ပီယံရှစ် ၅ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နည်းပြ ဖရန့်လမ်းပတ်သည် ကိုဗင်ထရီအသင်းကို ၂၀၂၄ခု နှစ် နိုဝင်ဘာ ၂၈ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ပွဲ ၅၀ တွင် ၂၇ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၃ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ပြင် ကိုဗင်ထရီအသင်းသည် နည်းပြဖရန့်လမ်းပတ် လက်ထက်တွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၅ပွဲ ကစားအပြီးတွင် ရမှတ် ၃၄မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**(NGB)**




## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် အသင်းနည်းပြ အာတီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပေါ်တူဂီလက်ရွေးစင်အသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင် ပြသခံခဲ့ရသည့် အနီကတ်ပစ်ဒဏ်ကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အား လွဲချော်သွားဖွယ်ရှိနေသည်။

* ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

**(NGB)**

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ - (အုပ်စုအဆင့်) ပွဲစဉ်များ နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ–ကျော့ရလဒ် |
|---|---|---|---|---|
| ၁၆-၁၁-၂၀၂၅ တနင်္ဂနွေနေ့ | ည ၉း၃၀ နာရီ | F | ဟန်ဂေရီ - အိုင်ယာလန် | အိုင်ယာလန် ၂-၂ ဟန်ဂေရီ |
| ။ | ။ | F | ပေါ်တူဂီ - အာမေးနီးယား | အာမေးနီးယား ၀-၅ ပေါ်တူဂီ |
| ။ | ည ၁၁း၃၀နာရီ | K | အယ်လ်ဘေးနီးယား - အင်္ဂလန် | အင်္ဂလန် ၂-၀ အယ်လ်ဘေးနီးယား |
| ။ | ။ | D | အဇာဘိုင်ဂျန် - ပြင်သစ် | ပြင်သစ် ၃-၀ အဇာဘိုင်ဂျန် |
| ။ | ။ | K | ဆားဘီးယား - လတ်ဗီးယား | လတ်ဗီးယား ၀-၁ ဆားဘီးယား |
| ။ | ။ | D | ယူကရိန်း - အိုက်စလန် | အိုက်စလန် ၃-၅ ယူကရိန်း |
| ၁၇-၁၁-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၂း၁၅ နာရီ | I | အစ္စရေး - မော်လ်ဒိုဗာ | မော်လ်ဒိုဗာ ၀-၄ အစ္စရေး |
| ။ | ။ | I | အီတလီ - နော်ဝေ | နော်ဝေ ၃-၀ အီတလီ |



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး (ကြွပ်ကြွပ်အိတ်)အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ဝဲပုံ)

စော်ထက်(သရက်)

## မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်းရှိ အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့်တပ်ဖွဲ့ဝင်များက ဘာသာရေးအဆောက်အအုံများတွင် မီးသတ်ဆေးဘူး စသည့် မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ် ဝါယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအား လဲလှယ်အသုံးပြုနိုင်ရေး စစ်ဆေးပေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဘုရားဂေါပကအဖွဲ့အား လိုအပ်သည်များကို မှာကြားခဲ့သည်။

ပွင့်လင်းရာသီတွင် ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်း၊ ရပ်ကွက်များအလိုက် တစ်အိမ်တက်၊ တစ်အိမ် ဆင်းစစ်ဆေးခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များပေါ်မှ အကောက်ခွန်မဲ့ ကုန်ပစ္စည်းတချို့ကို ဒဏ်ကြေးဖြင့် ရွေးယူနိုင်

**မန္တလေး နိုဝင်ဘာ ၁၅**

ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းတချို့ကို ဒဏ်ကြေးငွေပေးဆောင်ပြီး ပြန်လည်ရွေးယူနိုင်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ကြေညာထားသည်။

ခွင့်ပြုချက်နှင့် ကွဲလွဲတင်သွင်းလာခြင်း(သို့မဟုတ်)လုံးဝခွင့်ပြုချက်မပါဘဲ တင်သွင်းလာသည့် လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ ကုန်ပစ္စည်းတွေကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရသင့်လျော်သည့် ဒဏ်ငွေဖြင့် ရွေးယူရမည်ဟု ဆိုသည်။

ပြည်တွင်းသို့ တင်သွင်းရာ၌ ကန့်သတ်တားမြစ်ထားသော Vape၊ စီးကရက်၊ ဘီယာ၊ ဖဲထုပ် စသည်တို့ကို လုံးဝသိမ်းဆည်းသွားမည်ဖြစ်ပြီး တချို့သော တရားမဝင်ပစ္စည်းများကို ဒဏ်ကြေးအဖြစ် နှစ်ဆ၊ တစ်ဆ၊ အဆတစ်ဝက် စသည်ဖြင့် ဒဏ်ကြေးကောက်ခံပြီး ပြန်လည်ရွေးယူရန် စီစဉ်နေသည်။

ပြီးခဲ့သည့် ဇူလိုင် ၄ ရက်မှ စက်တင်ဘာ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်များမှ အထူးအဖွဲ့များနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ တရားမဝင်ကုန်စည်များ၊ လိုင်စင်မဲ့၊ အကောက်အခွန်မဲ့ ကုန်ပစ္စည်းများနှင့် ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းများတင်ဆောင်သည့် မော်တော်ယာဉ် အစီး ၄၇၀ ကို စစ်ဆေးဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များအနက် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ယာဉ် ၂၁ စီးနှင့် ပိတ်ပင်တားမြစ် ကုန်ပစ္စည်းများကို တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၅ စီးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

*- *- *- *- *

## လားရှိုးမြို့ ရပ်ကွက်(၉)၌ ကုန်စုံဆိုင်မီးလောင်မှုဖြစ်ပွား

**လားရှိုး နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၉)၌ ပိုင်ရှင် ဦးစိုင်းမြင့်ဦး၏ ၁၀×၂၅ ပေ၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ နံကပ် တစ်ထပ်ကုန်စုံဆိုင်တွင် ဆိုလာအသုံးပြုသည့် ဘက်ထရီမှတစ်ဆင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုနေစဉ် အပူလွန်ကဲ၍ အနီးရှိ စက္ကူဂျုပ်ဖာများပေါ်သို့ မီးပွားကျရာမှ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

မီးသတင်းရရှိသဖြင့် လားရှိုးခရိုင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ကွန်ကရစ်ခင်း၊ နံကပ်တစ်ထပ်ကုန်စုံဆိုင် အဆောက်အအုံ တစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် လားရှိုးမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၆ ဒသမ ၆၃၂ တန်၊ သစ်မာ ၇ ဒသမ ၀၇၁၀ တန်နှင့် အခြား ၄၃ ဒသမ ၂၂၉၇ တန်၊ စုစုပေါင်း ၅၆ ဒသမ ၉၃၂၈ တန်၊ ယာဉ်၊ ယန္တရားလေးစီး၊ တရားခံခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*- *- *- *- *

## အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**ကလေး နိုဝင်ဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တပ်ဦးသီတာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၌ အောင်သစ္စာရပ်ကွက်နေ မလှိုင်ဝေဝေကျော်(ခ)ဖူးဖူး(၂၅)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀ ကီလိုအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ထပ်မံကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား သယ်ဆောင်ခိုင်းသူ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ စိုးပြည့်ဦး(ခ)ကိုကြီးထန် (၃၂)နှစ်အား ဗိုလ်ချုပ်လမ်းပေါ်တွင်လည်းကောင်း၊ ည ၇ နာရီတွင် အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အင်းဒင်(တောင်)ကျေးရွာနေ မအိမြတ်မွန်ကျော်(ခ)မီးမီး(၂၅)နှစ်အား မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်ရှိ ဟိုတယ်တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် မလှိုင်ဝေဝေကျော်(ခ)ဖူးဖူး၊ စိုးပြည့်ဦး(ခ)ကိုကြီးထန်နှင့် မအိမြတ်မွန်ကျော်(ခ)မီးမီးတို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၂၉-ခဲစင်းရှေ့ခြမ်း)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဦးတင်မောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးတင်ဝင်းစိုးက တရားပြိုင် ဦးတင်မောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရာမကြီးမှုအမှတ်(၁၂၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးတင်ဝင်းစိုး(၅/တဆန(နိုင်)၁၃၃၃၇၄)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၅)၊ ဦးပိုင်အမှတ်(၅၂)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ လမ်း၄၀နှင့် ၄၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူးကျော်စိုးထွန်း(၉/မထလ(နိုင်)၀၆၅၆၉၉)၏ သက်တမ်းတိုး လျှောက်ထားလာမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံး ဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အမှုတွဲအမှတ်(၃၇၄/၁၉၉၅-၁၉၉၆)အရ ထုတ်ပေးထားသော ဂရန်စာချုပ်နံပါတ်(၁၅၂၂/၁၉၉၅-၁၉၉၆)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းရွှေ၏ (GP ရရှိသူ ဒေါ်မြတ်ယဉ်မွန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၀၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းသူအောင်(၉/မဟမ(ပြု)၀၀၀၃၂၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၂၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်(၆၃)ခဲစင်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဒေါ်ခင်မြ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၇၉၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းထွေး၊ ဒေါ်မြမြထွေး၊ ဒေါ်ဝါဝါနိုင်၊ ဒေါ်မြမြဌေး၊ ဒေါ်အိရွှေစင်၊ ဒေါ်မြင့်ရွှေဇင်တို့၏ (GP ရရှိသူ ဦးနေလင်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၁၁၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးရီ(၉/မရမ(နိုင်)၀၆၅၄၇၉)က အမှုတွဲအမှတ်(၃၄၁၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊အကွက်အမှတ်(ဈ-၇)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၁၀၇လမ်း၊ မြို့ပတ်ရထားလမ်းနှင့် နဒီမြောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ အပေးစာချုပ်အမှတ်(၂၂၉၉/၂၀၀၆)ဖြင့် လက်ခံခဲ့သော ဒေါ်မိုးသီဟန်(၁၂/မရက(နိုင်)၁၄၄၄၄၀)၊ ဦးကောင်းမြတ်(ခ)ကောင်းဆက်(၁၂/မရက(နိုင်)၁၄၄၄၇၅)တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)က အမှုတွဲအမှတ်(၃၄၂၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၇)၊ ဦးပိုင်အမှတ်(၆၂)၊ ၆၈(B)လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကိုလေး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၇၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အမြင့်၏ (GP ရရှိသူ ဦးအဲ(ခ)ကျော်စိန်မင်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုရွှေစင်(၉/မဟမ(နိုင်)၀၁၀၁၂၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၂၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၁၁၁-က)၊ ၅၅(စီ)လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ ဦးဘသောင်း အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၁၅/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့သော ဦးဘိုဝမ်း၊ ဒေါ်ခင်ရီတို့၏ (SP ရရှိသူ ဦးမောင်မောင်သင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၇၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးနန္ဒာသိန်း(၉/ခမစ(နိုင်)၀၀၆၆၈၉)က အမှုတွဲအမှတ်(၃၃၉၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၄၀)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၁၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်နိုင်(၉/မရမ(နိုင်)၀၅၂၆၀၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၃၉၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၃၇)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်မြကြဲထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၉၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စွဲ့စိန်တီ(၁၂/ပတအ(နိုင်)၀၃၂၆၀၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၁၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ်(၂၁-ဈ/၁၆)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း(၉/မရမ(နိုင်)၀၅၀၀၀၈)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်(၃)ခဲစင်း၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြသန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၂/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးသန်း(၉/မနမ(နိုင်)၀၁၁၂၅၅)က အမှုတွဲအမှတ်(၃၄၁၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်(၃)ခဲစင်း၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြသန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၂/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူဒေါ်အေးသန်း(၉/မနမ(နိုင်)၀၁၁၂၅၅)က အမှုတွဲအမှတ်(၃၄၁၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၃၂၅)၊ ၅၇Bလမ်း၊ ၃၂Aလမ်းနှင့် ၃၂Bလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းသက်ဇော်(၁/မကန(နိုင်)၀၀၀၂၅၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ်(၆၀-ခ+၅၉) မြေကွက်ပေါ်တွင် ဦးထက်အောင်လှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/သဃက(နိုင်)၀၀၅၁၂၇)က မြေအောက်ထပ်+RC(၄)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၁၁၁) မြေကွက်ပေါ်တွင် ဒေါ်မြမြဝင်း(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၂၆၉၁၁)က RC(၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၁၀၆-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုချိုလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၉၆၆၆၆)က SS(၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၁၁၁)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုးဟွာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၆၈၀၂၆)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၂)၊ ဦးပိုင်အမှတ်(၁၁) မြေကွက်ပေါ်တွင် ဒေါ်နီလာစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/မရန(နိုင်)၁၂၈၀၉၇)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက် အမှတ်(ဏ-၁)၊ ဦးပိုင်အမှတ်(၁၀၅) မြေကွက်ပေါ်တွင် ဒေါ်ရန်ဆုချူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၁၂၇၂၅)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ်(၆၀-ခ)၊ မြေကွက်ပေါ်တွင် ဦးထက်အောင်လှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/သဃက(နိုင်)၀၀၅၁၂၇)က ထရံကာသွပ်မိုး(၁)ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းနွဲ့(ဘ)ဦးကျော်သန်း(၅/ဒပယ(နိုင်)၀၀၀၁၅၃)အမည်ဖြင့် ချထားပေးသော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (၄)ခန်းတွဲ(၆ ထပ်)၊ (မမ-၁၉)၊ တိုက်(၈)၊ အခန်း(၂၁)၊ ပဥ္စမထပ်တိုက်ခန်းမှာ ရောဝတီဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ(၂၅)တွင် ချေးငွေစနစ်ဖြင့် ငွေများအပြေအကြေပေးသွင်းပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ စလစ်ကတ်ပြားမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် စလစ်ကတ်ပြားမိတ္တူဖြင့် တိုက်ခန်းစာချုပ်(စာအုပ်)အား ထုတ်ယူခြင်း၊ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်ပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ အောက်ပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သင်းသင်းနွဲ့၏ လွှဲအပ်ချက်အရ-**
**ဒေါ်စေစေအောင်(LL.B)တရားလွှတ်တော်ရှေ့နေ**
**၈၈-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ ဦးပိုင်အမှတ်(၁၀၂)၊ ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ ဦးပိုင်အမှတ်(၉၄)၊ ဦးပိုင်အမှတ်(၉၅)၊ ဦးဘေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ ဦးပိုင်အမှတ်(၉၆)၊ ဒေါ်နွဲ့နွဲ့ အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၉၇)၊ ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်တို့မှာ အပိုင်ပေးသူ ဦးခင်မောင်အေး အမွေဆက်ခံလက်ရှိနေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိသော မြေကွက်များဖြစ်ပါသည်။

အမည်ပေါက်သူ ဦးဘေ၊ ဒေါ်အေးသင်တို့မှာ ဒေါ်နွဲ့နွဲ့၏ ဖခင်နှင့် မိခင်တို့ ဖြစ်ကြပါသည်။ ဒေါ်နွဲ့နွဲ့မှာ ဦးခင်မောင်အေးနှင့် အိမ်ထောင်ကျပြီး သားသမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ (၁)ဒေါ်အေးအေးသိန်း၊ (၂)ဦးသက်ခိုင်စိုး၊ (၃)ဦးအောင်ဇော်မိုး၊ (၄)ဒေါ်အေးအေးခိုင်မိုးတို့ ဖြစ်ကြပါသည်။ ဦးသက်ခိုင်စိုးမှာ ဒေါ်ဝင်းဝင်းသန်းနှင့် အိမ်ထောင်ကျပြီး သားသမီး (၃)ဦး ထွန်းကားခဲ့ပါသည်။ သားသမီးများမှာ ၁။ ဒေါ်ဝင်းခိုင်ခိုင်ဖြိုး၊ ၂။ ဒေါ်အိမ့်မိမိမြိုင် ၃။ ဦးလင်းထက်အောင်တို့ဖြစ်ကြပါသည်။

ဦးဘေနှင့် ဇနီး ဒေါ်အေးသင်တို့မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့ကြပါသည်။ ဒေါ်နွဲ့နွဲ့မှာ (၂၀၁၇)ခုနှစ်ကလည်းကောင်း ကွယ်လွန်ခဲ့၍ ဦးခင်မောင်အေးမှာ အထက်ဖော်ပြပါ မြေကွက်များအား အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ဦးသက်ခိုင်စိုးမှာ (၂၀၁၂)ခုနှစ်က ကွယ်လွန်ခဲ့ပါသည်။ ဦးသက်ခိုင်စိုး၏ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းသန်း (ချွေးမ)နှင့် သားသမီးများဖြစ်သော ၁။ ဒေါ်ဝင်းခိုင်ခိုင်ဖြိုး ၂။ ဒေါ်အိမ့်မိမိမြိုင် ၃။ ဦးလင်းထက်အောင်(မြေး)တို့ ကျန်ရှိခဲ့ပါသည်။

ဦးခင်မောင်အေးက သမီးဖြစ်သူ ဒေါ်အေးအေးသိန်းအား မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၁၀၂)၊ ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလည်းကောင်း၊ ဦးခင်မောင်အေးက ဦးသက်ခိုင်စိုး၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းသန်း(ချွေးမ)နှင့် မြေးများဖြစ်သော ၁။ ဒေါ်ဝင်းခိုင်ခိုင်ဖြိုး ၂။ ဒေါ်အိမ့်မိမိမြိုင် ၃။ ဦးလင်းထက်အောင်(မြေး)တို့အား အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ် ဦးပိုင်အမှတ်(၉၄)၊ ဦးပိုင်အမှတ်(၉၅)၊ ဧရိယာ(၀ ဒသမ ၀၁၈၈)ဧကရှိ ဦးဘေအမည်ပေါက်ဘိုးဘပိုင်မြေကွက်၊ ဦးပိုင်(၉၆)၊ ဧရိယာ(၀ ဒသမ ၀၂၀၈)ဧကရှိ ဒေါ်နွဲ့နွဲ့ အမည်ပေါက်ဂရန်မြေကွက်တို့အားလည်းကောင်း၊ ဦးခင်မောင်အေးက သားဖြစ်သူ ဦးအောင်ဇော်မိုးအား အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၁၀၂)၏ အနောက်ဘက်ပိုင်းကျန်မြေအစိတ်အပိုင်း ဦးပိုင်(၉၇)၊ ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလည်းကောင်း၊ ဦးခင်မောင်အေးက သမီးဖြစ်သူ ဒေါ်အေးအေးခိုင်မိုးအား အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၁၀၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၄၅၇)၊ ဦးပိုင်(၁၀၄)၊ ဧရိယာ(၀ ဒသမ ၀၂၉၃)ဧကရှိ မြေ(၂)ကွက် ဦးဘေ+ ဒေါ်အေးသင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိသားစုစီမံမှုပြုလုပ်ပြီး အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

သို့ပါ၍ မိသားစုစီမံမှုအရ အပိုင်ပေးခြင်းကို လက်ခံရယူသူများအနေဖြင့် မိမိတို့၏ အမွေဝေစုအား အသီးသီးရရှိပြီးဖြစ်၍ ကျန် ဦးခင်မောင်အေး အမွေဆက်ခံရရှိသော မြေကွက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး အထက်တန်းရှေ့နေ**
**စဉ်-၁၈၅၁၄/၁၉၉၀**
B.Sc(Math;) H.G.P
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၂၀၃၇၃၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၄)၊ ဦးပိုင်အမှတ်(၈)အတွင်းမှ အရှေ့ဘက်ခြမ်း အရှေ့-အနောက် တောင်ဘက်ခြမ်း(၂၇)ပေ၊ အရှေ့-အနောက် မြောက်ဘက်ခြမ်းပေ(၄၀)၊ တောင်-မြောက်(၇၀)ပေ အကျယ်အဝန်း ရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ဦး(၅/ကလထ(နိုင်)၀၃၈၂၆၄)နှင့် ဒေါ်စောစော(ခ)ဒေါ်မြမူ(၅/ကလထ(နိုင်)၀၃၈၂၆၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသောစာချုပ်စာတမ်းမှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဌေးနောင်စိုး(LL.B)** | **ဦးကျော်သန်းဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၄၅၈၇၄၈၄၉၄** | **ဖုန်း ၀၉-၄၀၂၇၈၁၉၀၁** |

**အကွက်(၃၉၃)၊ သံလျက်မော်အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၁၂၅)၊ ဧရိယာပေ(၆၀× ၄၀)အကျယ်အဝန်းရှိ ဒေါ်နန်းခင်ညွန့်မေ အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ဆုံးအခြမ်း၊ ဧရိယာပေ(၂၀× ၄၀)အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းကို မိဘများ ကွယ်လွန်သဖြင့် ဒေါ်နှယ်နှယ်အောင် (ပါ-၅)ဦးက အမွေရပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်နှယ်နှယ်အောင်(ဘ)ဦးအောင်တင်(၉/မရမ(နိုင်)၀၁၂၁၇၁)ကိုင်ဆောင်သူ ပါ(၅)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသီတာ(ဘ)ဦးကံလှိုင်(၅/ကလထ(နိုင်)၀၂၀၂၆၄)က ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမော်(LL.B) ဒေါ်စင်စင်ဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၆၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၂)၊ ဦးပိုင်နံပါတ်(၂၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးဝင်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနေမျိုးထွန်း(ဘ)ဦးစံရွှေ(၉/မရတ(နိုင်)၁၀၉၅၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း LL.B တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## ပျောက်ဆုံးကြောင်း

ဦးဇနိန္ဒ(ဘ)ဦးမြင့်စိုး သာသနာဝင်ကတ်အမှတ်(၉/မဟမ(နိုင်)၀၀၆၄၃၀)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးဇနိန္ဒ**
**ဖုန်း ၀၉-၇၈၉၆၄၃၃၈၂**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၉၉)၊ မြေကွက်ပေါ်တွင် ဦးထွန်းနိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ဂဂန(နိုင်)၀၀၁၀၇၃)က SS ၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၂-က)၊ ဦးပိုင်အမှတ်(၅၅)၊ မြေကွက်ပေါ်တွင် ဦးဇော်မျိုးလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၀၂၉၉၁)က RC ၂ ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(cc-၂)၊ ဦးပိုင်အမှတ်(၄၉)၊ မြေကွက်ပေါ်တွင် ဒေါ်ဝင်းပပသွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မတတ(နိုင်)၀၁၂၁၁၀)က RC ၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၃၇)၊ မြေကွက်ပေါ်တွင် ဒေါ်မာမာမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၀၅၄၁)က SS ၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာမည်ဖြစ်...

❖ သစ်၊ ဝါး၊ ကြိမ်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ပုဂံမြို့ တောင်ဘီကျေးရွာ အာနန္ဒာဘုရားကြီး တောင်ဘက်မုခ် ကွင်းပြင်၌ စတင်တာလွှတ်သည်။

စာမျက်နှာ ၁၁ သို့ ✻



## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲတွင် ဘရာဇီးအသင်းက ဆီနီဂေါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၅**

နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲက ဘရာဇီးအသင်းနှင့် ဆီနီဂေါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ဆီနီဂေါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ဘရာဇီးအသင်းနှင့် ဆီနီဂေါအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲစဉ်ပြီးဆုံးချိန်တွင် ဘရာဇီးအသင်းက ဆီနီဂေါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။



ဘရာဇီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် အီစတီဘို၊ ပွဲချိန် ၃၅ မိနစ်တွင် ကက်စ်စီမီရိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာ ခြေစမ်းပွဲစဉ် သုံးပွဲကစားခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဘရာဇီးအသင်းသည် နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီတွင် တူနီးရှားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် စပိန်၊ တူကီယဲ၊ ဩစတြီးယားတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် နိုဝင်ဘာ ၁၅**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွင် စပိန်၊ တူကီယဲ၊ ဩစတြီးယားတို့ နိုင်ပွဲကိုယ်စီရယူခဲ့ကြသည်။

ယနေ့ မြန်မာ စံတော်ချိန် ည ၁၁ နာရီခွဲက စပိန်အသင်းနှင့် ဂျော်ဂျီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဂျော်ဂျီယာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၁ မိနစ်နှင့် ၆၃ မိနစ်တွင် အိုယာဇာဘယ်၊ ပွဲချိန် ၂၂ မိနစ်တွင် ဇူဘီမန်ဒီ၊ ပွဲချိန် ၃၅ မိနစ်တွင် ဖာရန်တောရက်စ် တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ တူကီယဲနှင့် ဘူလ်ဂေးရီးယားအသင်းတို့ ပွဲစဉ်တွင်လည်း တူကီယဲအသင်းက ဘူလ်ဂေးရီးယားအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဩစတြီးယားအသင်းက ဆိုက်ပရပ်စ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးနိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

(NGB)

